ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း (၁၄)ရက် ၊ အင်္ဂါနေ့ ၊ (8-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၆၉)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၅ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ နှစ်နှစ်ပြည့်အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၅ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် အောင်ပွဲ နှစ်နှစ်ပြည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိ အဂ္ဂါခိပတိသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓေ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓေ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ တို့အမှူးပြုသော

စာမျက်နှာ ၁၆ ကော်လံ ၁

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓေ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက်
အယ်ဒီတာ့အာဘော်

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များမြှင့်တင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဇူလိုင် ၂ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် **"ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် မြန်မာဒူးရင်းနှင့် စိန်တလုံးသရက်ကဲ့သို့သောသီးနှံများကို အရည်အသွေးကောင်းမွန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့်သီးနှံများကို ဇုန်များအလိုက်ခွဲ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက သီးနှံများအား တစ်နေရာတည်း၌ အရည်အသွေးကောင်းမွန်စွာဖြင့် အရေအတွက်များများထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် အခြားသီးနှံများကိုလည်း တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည်ဆိုပါက တောင်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း"** စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

မွေးမြူရေးကဏ္ဍတွင်လည်း ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ပုစွန် စသည့်တိရစ္ဆာန်များမွေးမြူရာတွင် မိမိဒေသနှင့်ကိုက်ညီမှုရှိသောမျိုးများကို စနစ်တကျမွေးမြူရေးသုတေသနလုပ်ငန်းများဆောင်ရွက်၍ ပြည်တွင်း၌ မွေးမြူရေးလုပ်ငန်းတိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်သည်။ ထိုသို့ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင်မြင့်အောင်ဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းဖူလုံမှုရှိပြီး ပြည်ပပို့ကုန်များ ပိုမိုရရှိအောင် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်သည့်အပြင် စိုက်ပျိုးမွေးမြူသူများ၏ လူမှုစီးပွားဘဝများကို တိုးတက်စေမည်ဖြစ်သည်။

ပြည်တွင်းမှ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို မြှင့်တင်နိုင်ခြင်းက ပြည်ပသွင်းကုန်များ တင်သွင်းရမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ပြည်ပသွင်းကုန်များလျှော့ချနိုင်ပါက နိုင်ငံခြားငွေသုံးစွဲမှုလည်း လျှော့ကျလာစေနိုင်မည်ဖြစ်သည်။ သို့မှသာ ပြည်တွင်းငွေကြေးခိုင်မာမှုရှိလာပြီး ကုန်ဈေးနှုန်းတည်ငြိမ်မှုကိုပါ ဖြစ်စေနိုင်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကို နှစ်ဆတိုးမြှင့်နိုင်ရန် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများက ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြင့်အောင် ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများကလည်း စိုက်ပျိုးရေးမွေးမြူရေးထုတ်ကုန်များမြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၉၂ ဧက စိုက်ပျိုးပြီးစီး

ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

ကလေး၀ ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို အထွက်တိုးပြီးအရည်အသွေးကောင်းဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများ ပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပလာတူးငါးပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ပလာတူးငါးပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်ကို မေလအတွင်းက ပလာတူးငါးပိသာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပလာတူးငါးပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဇွန်လထဲမှာ ပလာတူးငါးတွေ အဝယ်လိုက်ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ အရင်လတွေက ထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ဘက်ကနေ ပလာတူးငါးတွေ အပြင် အခြားရေထွက် ကုန်တွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ ပလာတူးငါးတွေကို လပွတ္တာမြို့ကနေ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချတာပါ။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုအရောင်းအဝယ်သွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်''ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါး ၁၀ ပိသာလျှင် ငွေကျပ် ၁၁၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ပလာတူးငါးအပါအဝင် ငါးအမျိုးမျိုး၊ ပုစွန်၊ ကဏန်းအမျိုးမျိုးကိုဝယ်ယူကာ စနစ်တကျသန့်စင်ထုတ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ပလာတူးငါးများ အရောင်းအဝယ်သွက်လာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဝမ်းတွင်းမြို့နယ် သခွတ်မြင့်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ဝမ်းတွင်း ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သခွတ်မြင့်ကျေးရွာအုပ်စု သခွတ်မြင့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် အတူသခွတ်မြင့်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

သခွတ်မြင့်ကျေးရွာ၌ အရှည် ပေ ၆၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေ ကျပ်၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၆ ဒသမ ၉ သန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

ဥတ္တရသီရိမြို့နယ် ပန်းတင်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းတင်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ စနစ်တကျ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာ စီမံကိန်း သတ္တမအကြိမ်အဖြစ် ဥတ္တရသီရိမြို့နယ် ပန်းတင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၂၁၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၇၆ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂၈ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး ထံမှ သိရသည်။ **သူသူ**

ပိုင်းပန်မြို့နယ်၌ သဘာဝမြေသြဇာ ထုတ်လုပ်နည်း သင်တန်းဖွင့်လှစ်

ပိုင်းပန် ဇူလိုင် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ပိုင်းပန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၆ ရက်နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက သင်တန်းဖွင့် အမှာစကား ပြောကြားရာတွင် သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချသော ဘာသာရပ်များကို စနစ်တကျ လေ့လာသင်ယူကြရန်နှင့် သင်တန်းပြီးဆုံးပါက လက်တွေ့ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချ ကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ မိုင်းပန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်နှင့် တာဝန်ရှိသူများက သင်တန်းသားများကို အထောက်အကူပြု ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မိုင်းပန်မြို့နယ်အတွင်းရှိ ဟေမဖိန်းကျေးရွာ အပြင် အနီးဝန်းကျင်ရှိ ကျေးရွာများမှ သင်တန်းသား စုစုပေါင်း ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် မိုင်းပန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သဘာဝမြေသြဇာထုတ်လုပ်နည်းကို စာတွေ့လက်တွေ့ နှစ်မျိုးဖြင့် ဇူလိုင် ၆ ရက်မှ ၁၂ ရက်ထိ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၄၂၉၇ ဧက စိုက်ပျိုးမည်

ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

မြောင်းမြ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၄၂၉၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးသီးနှံ ၄၂၉၇ ဧကကို ယခုနှစ် ဇူလိုင် ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံစုံ ၄၂၉၇ ဧကတွင် ဖူးစားပြောင်း ၇၉ ဧက၊ ပဲစင်းငုံဧက ၆၀၊ ပရဆေးပင် လေးဧက၊ ကြံ ၂၇၃ ဧက၊ ပီလောပီနံ ၁၂၈၁ ဧက၊ ဟင်းသီးဟင်းရွက်စုံဧက ၂၆၀၀ ဖြစ်ကြောင်း သိရသည်။

"မြောင်းမြမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြို့နယ်တစ်ခုလုံး အနေနဲ့မိုးသီးနှံစုံ ၄၂၉၇ ဧကထိ လျာထား စိုက်ပျိုးသွားမှာပါ။ လက်ရှိ မိုးသီးနှံစုံအားလုံး အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့ ကျေးရွာ၊ ကျေးရွာ၊ ကျေးရွာ ကနေ ဖြစ်ပေါ်ပြီး ကျေးရွာ ကနေ ကျေးရွာ ကနေ ကျေးရွာ ကနေ

ဦးယာ၊ မယ်ခွေတို့နှင့် အဲချင်းကဗျာ

မြေပြအေးသက်

ဦးယာ၊ မယ်ခွေတို့ ဆိုသည်နှင့်အဲချင်းကဗျာနှင့် တွဲမြင်မိကြသည်မှာ အမှန်ပင်ဖြစ်သည်။ အဲချင်းကဗျာ ရေးဖွဲ့မှုများပြား၍ "အဲမောင်ယာ"၊ "အဲမယ်ခွေ"ဟုပင် ခေါ်ဆိုကြပေသည်။ အဲချင်းကဗျာ ရေးဖွဲ့မှုများကို စိစစ်ရာ အဲချင်းကဗျာပုဒ်ရေ ၈၄ ပုဒ် ရှိကြောင်းတွေ့ရှိရသည်။ ဦးယာနှင့် မယ်ခွေတို့ထက် မောင်ထွားဆိုသူက အဲချင်းရေးစပ်မှုတွင် ပုဒ်ရေပိုများကြောင်း တွေ့ရှိရသည်။ ဦးယာက အဲချင်းကဗျာ ၁၈ ပုဒ်၊ မယ်ခွေက အဲချင်းကဗျာ ၁၆ ပုဒ်၊ ဝန်ကြီးပဒေသရာဇာက အဲချင်းကဗျာ ၁၆ ပုဒ်၊ ဝန်ကြီးနတ်ရှင်နောင်က အဲချင်းကဗျာ နှစ်ပုဒ်၊ မောင်ထွားက အဲချင်းကဗျာ ၂၂ ပုဒ်၊ မင်းပျိုကျော်က အဲချင်းကဗျာ ရှစ်ပုဒ်၊ မောင်ရည်က အဲချင်းကဗျာ တစ်ပုဒ်နှင့် အမည်မသိစာဆိုက အဲချင်းကဗျာ နှစ်ပုဒ်ဖြစ်၍ စုစုပေါင်းအဲချင်းပုဒ်ရေ ၈၄ ပုဒ်ရှိကြောင်း တွေ့ရှိရသည်။ အဲချင်းတွင် နတ်သံအဲ၊ ဆယ့်နှစ်ရာသီအဲ၊ ရှစ်ဆယ်ပေါ်အဲ၊ လပအဲ၊ ဗုံအဲ၊ သုံးထောင့်အဲ၊ မင်းသံအဲနှင့် မိဖုရားသံအဲဟူ၍ ရှိကြသည်။

အဲချင်းနောက်ကြောင်း

အဲချင်းသည် ကဝိဘာရတီကျမ်းအရ ကဗျာ ၆၇ မျိုးရှိရာတွင် အချင်းကိုစွဲ၍ ဖြစ်သောကဗျာ ၁၈ မျိုး၌ ပါဝင်သည်။ ဤတွင် အချင်းဆိုသည်မှာ "တီးလုံးနှင့် ကိုက်ညီအောင် သီဆိုကခုန်ရသော အချင်းကြီး အချင်းငယ်ကဗျာမျိုး"ဟု ဆိုသည်။ ကဗျာဗန္ဓသာရ ကျမ်းကလည်း အဲချင်းသည် ကဗျာလင်္ကာ၌ လင်္ကာနှင့် သီချင်းအုပ်စု နှစ်ခုရှိရာ သီချင်း ၂၂ မျိုးတွင် ပါဝင်သဖြင့် ဂီတသဘောသက်ဝင်သည့် အဖွဲ့အနွဲ့မျိုးဟု ဆိုသည်။ ထို့ပြင် အဆိုပါကျမ်း၌ပင် ပုဂံခေတ်မှ တောင်ပုပ္ပားစံကားပွင့် အလင်္ကာဖြစ်သည့် "ပုပ္ပားတောင်သည်၊ ရွှေတောင်တည့်လေ၊ ရွှေတောင်ပတ်ကုံး၊ စကားပင်နှင့် ပန်းပင်ဖုံး၊ တောင်လုံးရနံ့ ကြိုင်စွလေ။ ပုပ္ပားတောင်တွင်၊ နတ်ရှင်နှစ်ပါး၊ ရွှင်စံစား၊ ဘုံခြားဗိမာန်ပြိုင်စွလေ။ လှိုင်စွလေ၊ လှိုင်စွလေ၊ လှိုင်စွစကား၊ တောင်ပုပ္ပားက၊ စကားပုံ့ကြိုင်မျှ၊ ပန်းလှိုင်စွလေး။ မောင်တော်ရေထက်၊ မယ်မုတ်ရေ၊ ဆယ်လေးသာစွလေ။ ဗိမာန်နန်းမှာ၊ ထီးစကြာ၊ ဖြန့်ကာအုပ်မိုးကာစွလေး"ကို အဲချင်း၊ အချင်းငယ် ဟူ၍လည်း ဖော်ပြပါရှိသည်။

သီချင်းကဗျာ

"အဲ" ဟူသည် မြန်မာစကားလုံးဖြစ်ပြီး "ရပ်တံ့သည်" ဟူသော အဓိပ္ပာယ်ရှိရာ အဲချင်းသည် "ရပ်တန့်၍ သီဆိုရသော ကဗျာတစ်မျိုး"ဟု ဆိုကြသည်။ ကဝိလက္ခဏာ သံပေါက်တွင် "သူကမိုးကဲ၊ လူတွေအဲ၊ ဆုတ်ရှဲတို့ကရှား" ဟုဖော်ပြထားသည်။ ထို့ပြင်အဲချင်းသည် သီချင်းကဗျာတစ်မျိုးဖြစ်ကြောင်း ပြဆိုသော ရှင်မဟာရဋ္ဌသာရ၏ သံဝရပျို့၌ "မီးဝယ်ကြည့်ပွဲ၊ အဲ့အဲမနိုင်၊ အဆိုင်ဆိုင်လျှင်၊ အဲတိုင်အဲခံ၊ အဲထောက်သံနှင့်" ဟူ၍ ပါရှိသည်။ ဘုံခန်းပျို့တွင်လည်း "သံလွင်ခွက်ခွင်း၊ အဲအန်ချင်းနှင့်၊ စောင်းညှင်းမှုတ်တီး"ဟူ၍လည်းကောင်း၊ မနော်ဟရီပျို့တွင် "မှုတ်တီးစောင်းညှင်း၊ သီချင်း အဲအန်" ဟူ၍လည်းကောင်း၊ ဝေဿန္တရာပျို့တွင် "အဲတိုင်အန်ဖောက်၊ သံပြိုင်ကောက်လျက်၊ သံထောက်ညှင်းညှင်း၊ တရွှင်းရွှင်းနှင့်"နှင့် နဝဒေးရတုတွင် " မြစ်တွင်းစိုးမှူး၊ ခံ့တိုင်ဦးတို့၊ သီကျူး အဲအန်" ဟူ၍လည်းကောင်း ဖွဲ့စပ်ကြသဖြင့် အဲချင်းနှင့် အန်ချင်းသည် အင်းဝ၊ တောင်ငူနှင့် ညောင်ရမ်းခေတ်တို့တွင် ထင်ရှားသက်ဝင်နေပြီဖြစ်ကြောင်း တွေ့ရသည်။

အဲချင်းဆိုသည်မှာ ခေါ်ဝေါ်ခြင်း အာလုပ် အနက်ကိုဟောသော"အယျေ" သဒ္ဒါကိုစွဲပြီး စီကုံးရေးသားအပ်သောသီချင်းကို အဲချင်းဟူ၍လည်း ခေါ်ကြပြန်သည်။ အဲသည် ဟဲသည် ဟူသော မြန်မာစကားရင်းမှ ရွေ့လျောလာပြီး ဟဲ၍ရွတ်ဆိုရသော သီချင်းမျိုးကို အဲချင်းဟု ခေါ်ဝေါ်ခြင်း ဖြစ်တန်ရာသည်ဟု တချို့က ဆိုကြသည်။ အင်းဝခေတ်တွင် အင်းဝဘုရင် သီဟသူရလက်ထက်၌ ထိုမင်း၏သားတော် အနော်ရထာ၏ သမီးတော်သုံးပါးဖြစ်သော ရှင်စိုးမင်း၊ မင်းလှမြတ်နှင့် မင်းဘုန်းထွတ်တို့ကို ရှင်မဟာရဋ္ဌသာရလောင်းဖြစ်သော ထိုစဉ်ကအသက် ၁၀ နှစ်မျှသာရှိသေးသည့် မောင်မောက်က ရုတ်ခြည်းစပ်ဆိုလိုက်သော အဖွဲ့အနွဲ့ကို စည်းချက်ကိုက်၊ အဲရှိုး၊ အချင်းနှင့် အချင်းငယ်ဟူ၍လည်း ခေါ်ဆိုကြသည်။ "(ရှင်စိုးမင်းဘွဲ့) အိုဘဲ့ဘယ်၊ အိုဘယ့်သမီးတော်၊ ထင်ပေါ်ဘုန်းပျံ့သင်း။ (မင်းလှမြတ်ဘွဲ့) အိုဘဲ့ဘယ်၊ အိုဘယ့်သမီးတော်၊ နတ်သော်ပုံမယွင်း။ (မင်းဘုန်းထွတ်ဘွဲ့) အိုဘဲ့ဘယ်၊ အိုဘယ့်သမီးတော်၊ စန္ဒော်လနှယ်ဝင်း။"

နတ်သံအဲ

နတ်သံများကို ရွတ်ဆိုရာ၌ ဟဲ၍ရွတ်ရပုံ၌ ထင်ရှားသည်ဟု ဆိုလေသည်။ ၃၇ မင်း နတ်သံများသည် အဲသီချင်းအမျိုးအစား၌ပါဝင်ရာ ဝန်ကြီးပဒေသရာဇာရေးသည့် သိကြားမင်းနတ်သံဖြစ်သော "မေရုငယ်မှရာဇာလေ... မှိုင်းညို့ညို့နှင့်၊ တို့နေရာမှာ၊ သီးဒါငယ်မှတရစ်၊ လေးကျွန်းလယ်ခေါင်၊ မြတန်ဆောင်မှာ၊ တောင်တဆစ်နှင့်၊ ကသစ်ကယ်မှ နီလွင်၊ ပင်လယ်ပန်းနှင့်၊ နန်းကြီးရှင်ကို၊ နှင်နှင်မမှတ်ကြနှင့်" ဟူသောအပိုဒ်တွင် အာလုပ်စကားဖြင့် စတင်ထားသည်ကို တွေ့ရသည်။ "ဂီတအစ အဲချင်းက၊ အဲချင်းအစ နတ်သံက"ဟူသော ရှေးစကားဟောင်းများရှိခဲ့ကြသည်ဟုဆိုကြသည်။ ဤသို့ ဖွင့်ဆိုပြောကြားခဲ့ရလောက်အောင်ပင် နတ်သံအဲတို့သည် အထင်အရှားတည်ရှိခဲ့ကြပြီး လူထုကြားပျံ့နှံ့နေခဲ့ပေသည်။ နတ်သံအဲစာဆိုတွင် ဝန်ကြီးပဒေသရာဇာက ထိပ်ဆုံးကနေရာယူပြီး ဖြစ်နေပေသည်။ နောက်ပိုင်းတွင် အဲချင်းကဗျာပင်လျှင် နတ်သံဝေါဟာရအောက် နစ်မြုပ်ရရှာသည်ဟု ဆိုကြသည်။ အဲချင်းက အတိုင်အဖောက် အထောက်အခံသီဆိုမှုတို့သည်လည်း ကောက်စိုက်သံ၊ ဗုံကြီးသံတို့ ပေါ်ပေါက်လာစေရန် မျိုးစေ့ချခဲ့သည်ဟု ဆိုရပေမည်။

ဆယ့်နှစ်ရာသီအဲ

မယ်ခွေ၏ ဆယ့်နှစ်ရာသီဘွဲ့အဲချင်းသည် ရာသီဘွဲ့ကဗျာများတွင် လွန်စွာကျော်စောလေရာ အဲချင်းမပေါ်သေးမီက ဆယ့်နှစ်ရာသီဘွဲ့လူးတား၊ ရတုများပေါ်ခဲ့သော်လည်းထိုလူးတား၊ ရတုတို့ထက် မယ်ခွေ၏ "အဲ"ကသာသည်ဟု ဆိုကြသည်။ ဖွဲ့နွဲ့ပုံမှာလည်း မယ်ခွေ၏ အဲသည် လွန်စွာနက်နဲ၏။ ပန်း၊ ပွဲတော်၊ ရာသီအခြေအနေတို့ကို ဖွဲ့ရာ၌လည်း စုံစုံလင်လင်ရှိ၍ ပြေပြစ်သည်။ မယ်ခွေသည် ရတနာသိဃ်မြို့နေ စစ်တောင်းဝန်ကြီး၏ သမီး၊ အမွေဝန် မောင်စွက်၏ ဇနီးဖြစ်ရာ အမွေဝန်ကတော်ဟုလည်း ခေါ်ကြသည်။ မယ်ခွေသည် သြကာသလောကကြီးကို စိတ်ဝင်စားတတ်သူဖြစ်ပြီး နုနယ်ပျော့ပျောင်းသော မိန်းမသား ဖြစ်သောကြောင့် ဖွဲ့နွဲ့သောစကားလုံးများတွင် နူးညံ့သိမ်မွေ့ကာ မိန်းမတို့ဇာတိပြလျက်ရှိခဲ့သည်မှာ ထင်ရှားနေပေသည်ဟု ဆိုရပေမည်။ စန်းယှဉ်နက္ခတ်တာရာဗေဒင်လာစကားနှင့် ဖွဲ့နွဲ့ပုံအသုံးအနှုန်းများလည်း ကျနသေသပ်ကာ သဘာဝဓမ္မဖြစ်ပေါ်နေသော တော၊ တောင်၊ ရေ၊ မြေတို့နှင့် လိုက်လျောပုံများကို ကွက်ကွက်ကွင်းကွင်းပေါ်အောင် ဖွဲ့ဆိုနိုင်သည်မှာ အားကျဖွယ်ဖြစ်နေပေသည်။

မယ်ခွေ၏ တန်ခူးလ ဆယ့်နှစ်ရာသီအဲမှာလည်း ဤသို့ ဤနှယ် လှပတင့်တယ်နေပေတော့သည်။ "နေနတ်ကယ်မှ ရာဇာ။ အဿဝဏီ၊ ကြယ်နှင့်ညီ၊ စန္ဒီစိတြ၊ တူယှဉ်ပြိုင်ပကြတယ်၊ လအတာကိုတဲ့လေ။ သီတာငယ်မှပျံ့မွှန်း၊ သပြေမြရည်၊ တသောင်းပြည်ကို၊ အောင်စည်ရွှန်းလို့၊ ရေသွန်းမှ ခါချိန်၊ သောက်ရှူးဥပါ၊ ကြယ်နီလာနှင့်၊ ရွှေဇာပေါက်လို၊ တိမ်ခိုးညိုနှင့်၊ ပြိုမည့်နှယ်ချိန်၊ နဂါးလိမ်လွမ်းအိမ်ဖွဲ့လို့၊ မဲ့ဆီကိုမဲ။ သင်းတွဲမှရွှေရောင်၊ ကံ့ကော်ဝတ်မှုန်၊ မွေးထုံထုံနှင့်၊ ရဂုံမြိုင်ပြား၊ တောတလွှားလည်း၊ ငှက်ခါးတောင်လို၊ ပူအောင်မဲ့ကို၊ မိုဃ်းကြီးတဖွဲ့၊ လေတလှဲ့နှင့်၊ တဆဲ့ခြောက်တိုင်း၊ မပြတ်ကယ်ဆိုင်းလို့၊ မှိုင်းမှိုင်းငယ်ညိုသည်၊ မ-ဖို သီတာဆိပ်ကယ်က၊ ချစ်ရိပ်ညိုနွဲ့။ ပြင်နာရီကား၊ ငါးဘို့ထားလို့၊ ဖဝါးကမှသုံးအင်၊ မိဿခွင်မှာ၊ မရွှင်နိုင်တတ်၊ စန်းလွန်းပင်ပြတ်ခဲ့ပြီ၊ မြတ်ဆံကျင်တာရာက၊ တေဇာတော် ချီးပါနှင့်တော့၊ ဝေသာလီပြည်ကြီးက၊ ထိန်ညီးရဲ့။"

❖မယ်ခွေ၏ ဆယ့်နှစ်ရာသီဘွဲ့အဲချင်းသည် ရာသီဘွဲ့ကဗျာများတွင် လွန်စွာကျော်စောလေရာ အဲချင်းမပေါ်သေးမီက ဆယ့်နှစ်ရာသီဘွဲ့ လူးတား၊ ရတုများပေါ်ခဲ့သော်လည်း ထိုလူးတား၊ ရတုတို့ထက် မယ်ခွေ၏ "အဲ"ကသာသည်ဟု ဆိုကြသည်။ ဖွဲ့နွဲ့ပုံမှာလည်း မယ်ခွေ၏ အဲသည် လွန်စွာနက်နဲ၏။ ပန်း၊ ပွဲတော်၊ ရာသီအခြေအနေတို့ကို ဖွဲ့ရာ၌လည်း စုံစုံလင်လင်ရှိ၍ ပြေပြစ်သည်။ မယ်ခွေသည် ရတနာသိဃ်မြို့နေ စစ်တောင်းဝန်ကြီး၏ သမီး၊ အမွေဝန်မောင်စွက်၏ဇနီးဖြစ်ရာ အမွေဝန်ကတော်ဟုလည်း ခေါ်ကြသည်။❖

ရှစ်ဆယ်ပေါ်အဲ၊ လပအဲ၊ ဗုံအဲ၊ သုံးထောင့်အဲ၊ မင်းသံအဲနှင့် မိဖုရားသံအဲ

မယ်ခွေဆို အဲချင်းများကို "၈၀ပေါ်အဲ" ဟူ၍လည်း ခေါ်ကြသေး၏။ အကြောင်းမှာ ဤအဲချင်းများကို ညောင်ရမ်းမင်းဆက် တနင်္ဂနွေမင်းတရားကြီး လက်ထက် ၁၀၈၀ ပြည့်နှစ်က စတင်ရေးဖွဲ့ကြသည်ကို အစွဲပြု၍ ၈၀ ပေါ်အဲဟု ခေါ်ကြောင်း သိရှိရသည်။ ဝန်ကြီးပဒေသရာဇာရေးစပ်သော ၈၀ ပေါ်တေးထပ်နှင့် ၈၀ပေါ်အဲများရှိသော်လည်း ရှာဖွေ၍ မတွေ့သေးကြောင်းဆိုသည်။ "လပအဲ"သည် ပျိုရွယ်သူတို့ အလုပ်အကိုင်ပြီးစီးသည့် အေးချမ်းသည့်ညအခါတွင် လရောင်အောက်၌ အဲတိုက်အဲဆိုမှုကို ပြုလုပ်ဆင်နွှဲချိန်တွင် သီဆိုခဲ့သော ကဗျာများကို "လပအဲ"ဟု ခေါ်ကြသည်။ ရှင်မဟာသီလဝံသကလည်း လရောင်အောက်ကကြာကို "လပကြာ"ဟု စပ်ဆိုခဲ့ဖူးသည်။ ဗုံအဲ၊ သုံးထောင့်အဲ၊ မင်းသံအဲနှင့် မိဖုရားသံအဲတို့အပြင် အခြားအဲများကိုလည်း ဖော်ထုတ်ရပေဦးမည်။ မယ်ခွေ၏ အဲများတွင် ဘုရားတိုင်အဲ အမျိုးအစား လေးပုဒ်ပါဝင်နေသည်ကိုလည်းတွေ့ရ၍ အမည်နာမကွဲသောအခြားအဲများလည်း ရှိနေနိုင်ပေသည်။

အဲချင်းရေးဖွဲ့နည်း

အဲချင်းတွင် အပိုဒ် လေးပိုဒ်ဖြင့်ဖွဲ့ဆိုရာ ပထမအပိုဒ်သည် အချီပိုဒ်ဖြစ်၍ ကျန်အပိုဒ် သုံးပိုဒ်သည် အချပိုဒ်များဖြစ်ကြသည်။ **ပထမအပိုဒ်တွင်** ငါးပါဒမှ ကိုးပါဒထိရှိပြီး တစ်ပါဒလျှင် လေးလုံးပါရှိ၍ ထို့ထက်ပို၍လည်း စပ်ဆိုကြသည်။ အပိုဒ်၏ ပထမစာကြောင်းသည် စာလုံးရေ ခြောက်လုံး သို့မဟုတ် ခုနစ်လုံးရှိရမည်ဖြစ်ပြီး ယခုဦးယာ၏နွှေဦးပွဲကဗျာတွင်"နွှေဦးယ်မှရာသီ"ဟုဆိုကာ လေပျော့အက္ခရာ "ဂရုသံ" ဖြင့်ချီရမည်။ အပိုဒ်၏ နောက်ဆုံးအချသည် "လေ" ဖြင့်ချရမည်။ "မှိုင်းရီရီငယ်နှင့်လေ"ဟုဆိုကာ "လေ" ဖြင့် ချထားသည်။ **ဒုတိယအပိုဒ်၏** အချီပါဒကို ပထမအချိုး၏အဆုံး ကာရန်ရှေ့၌ ရှိသော ကာရန်ကိုယူ၍ ချီရမည်။ ပထမအချိုး၌" မှိုင်းရီရီငယ်နှင့်လေ"တွင် "ရီ"ဆိုသည့် "အီ"ကာရန်ကို ဒုတိယအပိုဒ်တွင်"နဒီ" ဟူ၍ ချီတက်လေသည်။ "နဒီငယ်မှမြစ်ဦး" အစချီပြီး ကြောင်းရေအလိုက် ကိုယ်တွင်းကာရန်ချိတ်ကာ ဒုတိယအချိုး၏ အဆုံးအချပါဒကို အက္ခရာလေးလုံးထားရမည်။"မြစိုင်လိုမောင်း"သည် ဒုတိယအချိုး၏ အချပါဒဖြစ်၏။ ပထမအချိုး၏ အဆုံးအချကာရန်နှင့်လွဲ၍ လေပြင်းအက္ခရာ "လဟု"ကာရန်တစ်ခုခုထားရမည်။

တတိယအပိုဒ် အစချီပါဒ၏ ဒုတိယ အက္ခရာသည်ကား ဒုတိယအပိုဒ်အဆုံးချ ကာရန်နှင့် စပ်ဟပ်မိစေရမည်။ မြစိုင်လိုမောင်းတွင် "မောင်း"၏ "အောင်း"ကာရန်သည် တတိယအပိုဒ် ဒုတိယ အက္ခရာဖြစ်သော "တပေါင်း"အစချီသည် ပထမပါဒနှင့် ကာရန်ချိတ်မိနေရပါမည်။ **စတုတ္ထအပိုဒ်၌** တတိယအချိုး၏ အဆုံးချဖြစ်သော ကာရန်ကို မယူဘဲ အခြားသတ်သတ်ကာရန်ဖြင့် ဖွဲ့ဆိုရသည်။ သို့သော် တတိယပိုဒ်၏ အဆုံးကာရန်နှင့် စတုတ္ထပိုဒ် အဆုံးကာရန်တို့ တူရလေသည်။ ဤကဗျာတွင် ကျေးငှက်က "နွဲ"နှင့် နွှေဦး"ပွဲ"တို့ဖြစ်သည်။ အဆုံးသတ်တွင် "လေ"ဖြင့်ချထားသည်။ ဦးယာ၏ နွှေဦးပွဲ အဲချင်းမှာ "နွှေဦးငယ်မှရာသီ၊ သရဖီအင်ကြင်း၊ ပိတောက်ကယ်သင်းပါလို့၊ လေပြင်းငယ်သုန်သုန်၊ မြူမှုန်ဆိုင်းလှသည်၊ မှိုင်းရီရီငယ်နှင့်လေ။ နဒီငယ်မှမြစ်ဦး၊ လှိုင်းလိပ်ကယ်တက်ပြန်၊ ငါးကြင်းငယ်ဆန်သည်၊ ငါးတန်မြူးလို့၊ ပြန့်ပြူးငယ်မှသဲသောင်၊ ကံ့ကော်ရေပန်း၊ မျောနစ်ကယ်မွှန်းလို့၊ တင်းကျမ်းငယ်ဆောင်သည်၊ တောတောင်နေ အင်းအိုင်က၊ မြစိုင်လိုမောင်း။ တပေါင်းငယ်မှ ရွက်ကျင်၊

စာမျက်နှာ ၅ သို့ ➤

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၉၄၉၃ ဧက စိုက်ပျိုးမည်

ယခင်နှစ်က ဂျုတ်စိုက်ခင်းကို တွေ့ရစဉ်။

ပုသိမ် ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၆၉၄၉၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၉၄၉၃ ဧကစိုက်ပျိုးရန်လျာထားပြီး ဇူလိုင်လ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံများလျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ သာပေါင်းမြို့နယ်အတွင်း သီးနှံစုံ ၆၉၄၉၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ သာပေါင်းမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားသီးနှံတွေကိုလဲ စိုက်ပျိုးပါတယ်။ စပါးလျာထားဧက ၆၈၀၀၀ ကျော်အပါအဝင် အခြားသီးနှံတွေကိုလဲ စိုက်ပျိုးပါမယ်။ လက်ရှိသီးနှံတွေ လျာထားချက်အတိုင်းပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဌာနနဲ့ ဆက်စပ်ဌာနတွေ ပေါင်းစပ်ဆောင်ရွက်နေပါတယ်။ ဒေသခံတောင်သူတွေက သူတို့ဒေသနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်းတဲ့ သီးနှံတွေကို အဓိကစိုက်ပျိုးကြပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံများအပါအဝင် သီးနှံစုံ ၆၉၄၉၃ ဧက စိုက်ပျိုးမည်ဖြစ်ပြီး အဆိုပါသီးနှံစုံ ၆၉၄၉၃ ဧကတွင် စပါး ၆၈၂၉၇ ဧက၊ အစေ့ထုတ်ပြောင်း ၄၂၇ ဧက၊ နှမ်း ၃၅ ဧက၊ ပဲစင်းငုံ ၅၂ ဧက၊ ငရုတ် ၃၇၆ ဧက၊ စားဖိုဆောင်သီးနှံစုံ ၃၀၆ ဧက ပါဝင်ကြောင်း သိရသည်။

သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

စဉ်သဖြင့် ဂုဏ်တင့်ဖို့

- မနာလို မုန်းမပွား
  နှလုံးသား ဖြူစင်စွာ၊
  လူလူချင်း မေတ္တာထား
  သနားကြင်နာ၊
  မှန်ကန်သော ကျင့်သိက္ခာ
  မျှတရာ မြတ်တရား၊
  ကမ္ဘာမြေ စိမ်းလန်းလို့
  ငြိမ်းချမ်းစေသား။။

- ခွဲခြားပါ အမှန်အမှား
  အမြင်အကြား ကဏ္ဍစုံ၊
  အတွေ့ကြုံ ဗဟုသုတ
  နုလှဖုံဖုံ၊
  ဖွဲ့ လုံ့လ ဝီရိယခြုံ
  အသိ သတိပုံ တည်ငြိမ်မင်း၊
  သံသရာ ဘဝလမ်း
  ဖြောင့်တန်းစေခြင်း။။

- မြတ်ကုသိုလ် စိတ်ပြတင်း
  နိမိတ်ခင်း ကောင်းဖို့ကွယ်၊
  ဒုစရိုက် အမိုက်မှား
  ရှောင်ရှားကြမယ်၊
  ရိုးသားလို့ နိုးကြားဖွယ်
  ကြိုးစားရှယ် မပျက်တမ်း၊
  အောင်မြင်ရန် စဉ်သဖြင့်
  ဂုဏ်တင့်ဖို့မှန်း။။ ။

အဝေရာကိုကို

➢ **စာမျက်နှာ ၄ မှအဆက်**

တိမ်တောင်ဖြန့်လွှား၊ ရပ်ရှစ်ပါးက၊ မိုးသားငယ်ဆင်သည်၊ ခေါ်ငင်ကာ တက်သက်သို့၊ ကျေးဂက်ကန္တာ။ သို့သည်ကောဇာ၊ သည်ချိန်ခါကို၊ သမာပတ်ဝင်၊ မြတ်ချစ်ရှင်များသော်မှ၊ စံပျော်ရွှင်ပျံ့ပျူးလို့၊ ကြည်နူးတော်မူရသည်၊ တိမ်မြူကိုလေနူးတဲ့၊ နွေဦးပွဲလေ။"

"အဲ"မောင်ယာနှင့် "အဲ"မယ်ခွေ

"အဲ"မောင်ယာ၏ အဲချင်း ၁၈ ပုဒ်တွင် နွေဘွဲ့ တစ်ပုဒ်၊ ဆောင်းဘွဲ့ သုံးပုဒ်၊ တပေါင်းဘွဲ့ သုံးပုဒ်၊ တန်ခူးဘွဲ့ တစ်ပုဒ်၊ သစ္စာတိုင်ဘွဲ့ နှစ်ပုဒ်၊ ကျေးစေဘွဲ့ နှစ်ပုဒ်၊ တိမ်ဘွဲ့တစ်ပုဒ်၊ အလှဘွဲ့ တစ်ပုဒ်၊ အိမ်မက်ဘွဲ့ တစ်ပုဒ်နှင့် ပူပုံဘွဲ့ သုံးပုဒ်တို့ဖြစ်ကြောင်း တွေ့ရှိရသည်။ "အဲ"မယ်ခွေ၏ အဲချင်း ၁၆ ပုဒ်တွင် ဘုရားတိုင်ဘွဲ့ လေးပုဒ်နှင့် တန်ခူးလမှ တပေါင်းလထိ ဆယ့်နှစ်လအတွက် ၁၂ ပုဒ် စုစုပေါင်း ၁၆ ပုဒ်ဖြစ်ပေသည်။ ဤမျှနာမည်ကြီးလှသည့် စာဆိုအကျော်များအနေဖြင့် ရေးဖွဲ့ခဲ့သည့် အဲချင်းကဗျာပုဒ်ရေ အရေအတွက်နည်းပါးလှသည်ဟု အပြစ်တင်မစောမိရန် လိုအပ်ပေသည်ဟုဆိုချင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် စာဆိုတော်နှစ်ဦးစလုံးအနေဖြင့် ပျို့၊ လူးတားအစရှိသည့် အခြားစာပေဆိုင်ရာအဖွဲ့အနွဲ့များ များစွာရှိနေကြပြီး အဲချင်းအနေဖြင့် စာရေးသူရေတွက်ကောက်ယူရန် ကျန်သည်များလည်း ဖြစ်နိုင်ပါသည်။ သို့ပါ၍ အဲချင်းကဗျာများအတွက် ယခုလိုစုစည်းမှုထက် ဆက်လက်လေ့လာဖော်ထုတ်မှုကိုလည်း ကြိုးစားဆောင်ရွက်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်နေမိပါတော့သည်။

ကိုးကား

၁။ သုတေသီတစ်ဦး၏ စာပေဂီတနှင့် ဝန်ကြီးပဒေသရာဇာ

၂။ မင်းမဟော်၏ တိမ်မြေပ်ပျောက်ကွယ်နေသော ရှေးဟောင်း မြန်မာစာပေအမြေတေများနှင့် စာဆိုတော်ကြီးများ

၃။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၅)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

နိုင်ငံတကာ သတင်းများ

ရုရှားနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးများ ဘရစ်အုပ်စုညီလာခံ၌ တွေ့ဆုံဆွေးနွေး

ရီယိုဒီဂျနေရိုး ဇူလိုင် ၇

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် အီရန်နိုင်ငံခြားရေးဝန်ကြီး အဘာတစ်အာရက်ချီနှင့် ဇူလိုင် ၆ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့သည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပနေသည့် ဘရစ်အုပ်စု ထိပ်သီးညီလာခံ၌ သီးခြားတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီး ထုတ်ပြန်ခဲ့သည့်ကြေညာချက်တွင် အီရန်ရေနံကလီးယား အဆောက်အအုံများအား အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့က တိုက်ခိုက်ခဲ့မှုကို ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ရှုတ်ချထားကြောင်း သိရသည်။

ယင်းအပြင် အီရန်နိုင်ငံရေနံကလီးယားအစီအစဉ်များနှင့်ဆက်စပ်နေသောပြဿနာများကို သံတမန်နည်းလမ်းဖြင့်သာ ဖြေရှင်းသင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

အလားတူ အီရန်ရေနံကလီးယားပြဿနာကို ဖြေရှင်းရာ၌ နှစ်ဦးနှစ်ဖက် လက်ခံနိုင်မည့် အဖြေမျိုးရှာဖွေရာတွင် ရုရှားနိုင်ငံက ကူညီရန်အသင့်ရှိကြောင်း ဆာဂေးလက်ဗရော့ဗ်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် အီရန်နိုင်ငံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်သဘောတူညီချက်ရယူထားသော နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

ဂျပန်ဧကရာဇ် နာရူဟီတို မွန်ဂိုလီးယားနိုင်ငံ ခရီးစဉ်စတင်

တိုကျို ဇူလိုင် ၇

ဂျပန်ဧကရာဇ်နာရူဟီတိုသည် ရက်သတ္တပတ်ကြာ မွန်ဂိုလီးယားခရီးစဉ်ကို ဇူလိုင် ၅ ရက်တွင် စတင်ခဲ့ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရီးစဉ်အတွင်း ဂျပန်ဧကရာဇ် နာရူဟီတိုသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း မွန်ဂိုလီးယားနိုင်ငံ၌ ဖမ်းဆီးခံခဲ့ရသော ဂျပန်စစ်သည်များကို ဂုဏ်ပြုရန် စီစဉ်ထားသည်။

ဂျပန်ဧကရာဇ် နာရူဟီတိုသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးမှုနှစ် ၈၀ ပြည့်အထိမ်းအမှတ်အဖြစ် မွန်ဂိုလီးယားခရီးစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်အင်အားအများစုမှာ ဆိုက်ဘေးရီးယားဒေသ၌ တိုက်ပွဲဝင်ခဲ့သော်လည်း ဂျပန်တပ်ဖွဲ့ဝင် ၁၂၀၀၀မှ ၁၄၀၀၀ထိတို့မှာ မွန်ဂိုလီးယား၌ တိုက်ပွဲဝင်ခဲ့ရသည်။

မွန်ဂိုလီးယားနိုင်ငံသည် ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက်တပ်များနှင့်လက်တွဲ၍ ဂျပန်တပ်များကို ဆန့်ကျင်တိုက်ခိုက်ခဲ့သောနိုင်ငံဖြစ်သည်။

ဂျပန်အစိုးရမှတ်တမ်းများအရ ဂျပန်တပ်ဖွဲ့ဝင် စစ်သုံ့ပန်းအများအပြားမှာ မွန်ဂိုလီးယားနိုင်ငံရှိ အလုပ်ကြမ်းစခန်းများ၌ အလုပ်လုပ်ခဲ့ကြရပြီး ၁၄၀၀ ခန့်မှာ မွန်ဂိုလီးယားနိုင်ငံ၌ သေဆုံးခဲ့ရကြောင်း သိရသည်။ **Ref : RT**

Trs : KKO

နိုင်ငံရေးပါတီတည်ထောင်မည့် အီလွန်မက်ခ်၏အစီအစဉ်ကို မိုက်မဲသည့်ကိစ္စအဖြစ် သမ္မတဒေါနယ်ထရန့်ဝေဖန်

ဝါရှင်တန် ဇူလိုင် ၇

တက်စလာလျှပ်စစ်မော်တော်ယာဉ်ကုမ္ပဏီအကြီးအကဲ အီလွန်မက်ခ်၏နိုင်ငံရေးပါတီတည်ထောင်မည့်အစီအစဉ်ကို အမေရိကန်သမ္မတဒေါနယ်ထရန့်က မိုက်မဲသည့်လုပ်ရပ်အဖြစ် ဇူလိုင် ၆ ရက်တွင် ဝေဖန်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့အချမ်းသာဆုံးလူပုဂ္ဂိုလ်ဖြစ်သည့် အီလွန်မက်ခ်သည် အမေရိကပါတီအမည်ရှိ နိုင်ငံရေးပါတီတစ်ခုဖွဲ့စည်းကြောင်း ဇူလိုင် ၅ ရက်တွင် ကြေညာခဲ့သည်။

သို့ရာတွင် ပါတီကြီးနှစ်ခုကသာ အစဉ်အလာအရ လွှမ်းမိုးထားသည့်အမေရိကန်နိုင်ငံရေးလောက၌ တတိယပါတီတစ်ခုတည်ထောင်မည့်အစီအစဉ်မှာ မိုက်မဲသည့် အစီအစဉ်သာဖြစ်ကြောင်း သမ္မတဒေါနယ်ထရန့်က ဇူလိုင် ၆ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ယင်းအပြင် တတိယမြောက် နိုင်ငံရေးပါတီကြောင့် အမေရိကန်နိုင်ငံရေးလောက၌ ရှုပ်ထွေးမှုများ ရှိလာနိုင်ကြောင်း သမ္မတဒေါနယ်ထရန့်က ပြောကြားခဲ့သည်။

တက်စလာ အကြီးအကဲ အီလွန်မက်ခ်သည် ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ဒေါနယ်ထရန့် အနိုင်ရရှိရေးအတွက် ဘဏ္ဍာငွေအများဆုံး ထည့်ဝင်ပေးခဲ့သူ ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်အစိုးရ၏ အသုံးစရိတ်လျှာထားချက်ကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပြီးနောက် အီလွန်မက်ခ်နှင့် သမ္မတဒေါနယ်ထရန့်တို့ကြား ဆက်ဆံရေးပျက်ပြားခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ယူကရိန်းစစ်မြေပြင်၌ ကျေးရွာနှစ်ရွာကို ရုရှားတပ်များထပ်မံသိမ်းပိုက်

ကိယက်ဗ် ဇူလိုင် ၇

ယူကရိန်းစစ်မြေပြင်၌ ရုရှားတပ်များအနေဖြင့် ဆက်လက်အသာစီးရနေပြီး ကျေးရွာနှစ်ရွာကို ထပ်မံသိမ်းပိုက်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားတပ်များအနေဖြင့် ယူကရိန်းအရှေ့ပိုင်း ဒွန်းနက်စ်ဒေသ စစ်မြေပြင်၌ ကျေးရွာတစ်ရွာကို သိမ်းယူနိုင်ခဲ့ပြီး ယူကရိန်းအရှေ့မြောက်ပိုင်း ခါကစ်ဗ်ဒေသ စစ်မြေပြင်၌တွင်လည်း ကျေးရွာတစ်ရွာကို ထပ်မံသိမ်းပိုက်နိုင်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာချက်၌ ဖော်ပြထားသည်။

ယင်းအပြင် ရုရှားတပ်များသည် ဒွန်းနက်စ်ဒေသတစ်ခုလုံးကို အပြည့်အဝ ထိန်းချုပ်နိုင်ရေးအတွက် မိုကရော့ခ်မြို့ကို သိမ်းပိုက်နိုင်ရန်အတွက်လည်း ကြိုးပမ်းနေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

ရုရှားတပ်များသည် လက်ရှိအချိန်တွင် ယူကရိန်းတစ်နိုင်ငံလုံး အကျယ်အဝန်း၏ ၁၉ ရာခိုင်နှုန်းနီးပါးကို ထိန်းချုပ်ထားကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားတပ်များသည် ယူကရိန်းအရှေ့ပိုင်း လူးဟန့်ဒေသကို အပြည့်အဝ ထိန်းချုပ်ထားပြီး ဒွန်းနက်စ်ဒေသ၊ ဇာပိုရစ်ဇီယာနှင့် ခါဆန်ဒေသများ၏ ၇၀ ရာခိုင်နှုန်းစီ ထိန်းချုပ်ထားသည်။

သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် အဆိုပါနယ်မြေလေးခုကို ယူကရိန်းနိုင်ငံက စွန့်လွှတ်ပေးရမည်ဖြစ်ကြောင်း ရုရှားအစိုးရက ပြောကြားထားသည်။ **Ref : RT**

Trs : KKO

ဟူသီအုပ်စုပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်မတော်သတင်းထုတ်ပြန်

ဂျေရုဆလင် ဇူလိုင် ၇

ယီမင်ဆိပ်ကမ်း သုံးခုနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံတို့ရှိ ဟူသီအုပ်စုပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်မတော်ကယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနိုင်ငံအား အကြိမ်ကြိမ် တိုက်ခိုက်နေမှုကို တုံ့ပြန်သည့်အနေဖြင့် ဟိုဒိုင်ဒါဆိပ်ကမ်း၊ ရက်စ်အီဆာဆိပ်ကမ်း၊ ဆာလစ်ဖ်ဆိပ်ကမ်းနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံတို့မှ ဟူသီပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အစ္စရေးက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယီမင်နိုင်ငံဘက်မှ ပစ်လွှတ်ခဲ့သည့် ဒုံးကျည်နှစ်စင်းကို ကြားဖြတ်ဟန့်တားခဲ့ရကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အစ္စရေးလေကြောင်း တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးနိုင်ငံအတွင်းရှိ ပစ်မှတ်များဖြစ်သည့် ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များကို တိုက်ခိုက်ခဲ့ကြောင်း ဟူသီအုပ်စုက ကြေညာထားသည်။

ဂါဇာကမ်းမြောင် ပဋိပက္ခ စတင်ခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဟူသီအုပ်စုသည် အစ္စရေးနိုင်ငံကို မကြာခဏတိုက်ခိုက်ခဲ့သည်။

ယင်းအပြင် ဟူသီအုပ်စုသည် ပင်လယ်နီရေပြင်အတွင်း သွားလာနေသည့် သင်္ဘောများကိုလည်း တိုက်ခိုက်ခဲ့ရာ ကမ္ဘာ့ရေကြောင်းကုန်သွယ်ရေး လုပ်ငန်းများ ကမောက်ကမ ဖြစ်ခဲ့ရကြောင်း သိရသည်။ **Ref : Xinhua**

Trs : KKO

SCIENCE AND TECHNOLOGY

New Horizon အာကာသယာဉ်က ကြယ်တာရာဗဟိုပြု အာကာသဟင်းလင်းပြင် တည်နေရာပြစနစ်ကို ကမ္ဘာ့ပထမဆုံးအကြိမ် အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

ဝါရှင်တန် ဇူလိုင် ၇

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ New Horizon အာကာသယာဉ်သည် ကြယ်တာရာ ဗဟိုပြု အာကာသဟင်းလင်းပြင် တည်နေရာပြစနစ်ကို ကမ္ဘာ့ပထမဆုံး အကြိမ်အဖြစ် အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း ဇူလိုင် ၆ ရက်သတင်းများအရ သိရသည်။

ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၅ ဒသမ ၅ ဘီလီယံအကွာရှိ ကွိုပါခါးပတ်ကွင်းနယ်မြေကို ဖြတ်ကျော်ပျံသန်းနေချိန်တွင် နာဆာ သိပ္ပံပညာရှင်များက ကြယ်တာရာဗဟိုပြု တည်နေရာပြစနစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

နေအဖွဲ့အစည်းနှင့် အနီးဆုံး ကြယ်နှစ်စင်းဖြစ်သည့် ပရိစီးမား စင်တော်ရီနှင့် ဝုဖ် ၃၅၉ အမည်ရှိ ကြယ်များကို ဓာတ်ပုံရိုက်ကူးနိုင်သည့်နေရာသို့ New Horizon အာကာသယာဉ် ရောက်ရှိနေချိန်တွင် သိပ္ပံပညာရှင်များက အာကာသယာဉ် တည်နေရာကို တွက်ချက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပရိစီးမား စင်တော်ရီကြယ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၄ ဒသမ ၂ နှစ်အကွာတွင်တည်ရှိပြီး ဝုဖ် ၃၅၉ ကြယ်မှာ ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၇ ဒသမ ၈၆ နှစ်အကွာတွင်တည်ရှိသည်။

New Horizon အာကာသယာဉ်သည် နေအဖွဲ့အစည်းမှ ထွက်ခွာ၍ကြယ်တာရာဟင်းလင်းပြင်အတွင်းသို့ တစ်ချိန်ချိန်တွင် ဝင်ရောက်မည့် ပဉ္စမမြောက် အာကာသယာဉ် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ချီလီနိုင်ငံ အက်တာကာမာသဲကန္တာရ၌ နှင်းများကျဆင်းနေမှုကြောင့် အယ်လ်မာရေဒီယိုတယ်လီစကုပ် စူးစမ်းလေ့လာရေးလုပ်ငန်းများ ရပ်ဆိုင်းထားရ

စန်တီယာဂို ဇူလိုင် ၇

ကမ္ဘာ့အခြောက်သွေ့ဆုံး ဒေသဖြစ်သော ချီလီနိုင်ငံ အက်တာကာမာ သဲကန္တာရ၌ နှင်းများကျဆင်းနေမှုကြောင့် အယ်လ်မာရေဒီယိုတယ်လီစကုပ်မှာ စူးစမ်းလေ့လာရေးလုပ်ငန်းများ ရပ်ဆိုင်းထားရကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

အက်တာကာမာ သဲကန္တာရသည် တစ်နှစ်လျှင် မိုးရေချိန်တစ်လက်မအောက်သာ ရရှိတတ်သော်လည်း လက်ရှိအချိန်တွင် အယ်လ်မာ ရေဒီယိုတယ်လီစကုပ် တည်ရှိရာနေရာ၌နှင်းများကျဆင်းနေကြောင်း သိရသည်။

သို့ဖြစ်ရာ လက်ရှိအချိန်တွင် နှင်းကျမှုပြဿနာကြောင့် အယ်လ်မာ ရေဒီယိုတယ်လီစကုပ်စခန်း အနေဖြင့် စကြဝဠာစူးစမ်းလေ့လာရေးလုပ်ငန်းများ ရပ်ဆိုင်းထားရကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အယ်လ်မာ ရေဒီယိုတယ်လီစကုပ်သည် ချီလီနိုင်ငံ စန်တီယာဂို မြို့တော် မြောက်ဘက် မိုင် ၁၀၀၀ ကျော်အကွာတွင် တည်ရှိကြောင်း သိရသည်။

အယ်လ်မာ ရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာပေါ်တွင် စွမ်းဆောင်ရည်အမြင့်ဆုံး ရေဒီယိုတယ်လီ စကုပ်စနစ်တစ်ခုဖြစ်ပြီး စကြဝဠာ စူးစမ်းရေးလုပ်ငန်းများကို များစွာအထောက်အကူပြုခဲ့ကြောင်း သိရသည်။

အဆိုပါရေဒီယိုတယ်လီစကုပ်ကို ဥရောပ၊ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံတို့ပူးပေါင်း၍ ၂၀၁၃ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

အင်္ဂါဂြိုဟ်ပေါ်၌ တစ်ချိန်သောအခါက သက်ရှိများရှင်သန်ရေးအတွက် အထောက်အကူပေးနိုင်သည့် ပတ်ဝန်းကျင်မျိုးရှိခဲ့

ဝါရှင်တန် ဇူလိုင် ၇

အင်္ဂါဂြိုဟ်ပေါ်၌ တစ်ချိန်သောအခါက သက်ရှိများ ရှင်သန်ရေးအတွက် အထောက်အကူပေးနိုင်သည့် ပတ်ဝန်းကျင်မျိုးရှိခဲ့ကြောင်းကို အင်္ဂါဂြိုဟ်ပေါ်ရှိ တွင်းထွက်ဓာတ်ကြွယ်ဝသည့် ထူထဲသောရွှံ့စေးမြေလွှာများကာ သက်သေပြနေကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ်ပေါ်ရှိရွှံ့စေးမြေလွှာများသည် ထုအားဖြင့် ပေ ရာနှင့် ချီရှိပြီး ရေဓာတ်များကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၇ ဘီလီယံကပင် ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း၊ အင်္ဂါဂြိုဟ် ရွှံ့စေးမြေလွှာနယ်မြေများမှာ တည်ငြိမ်မှုရှိရာ နွေးထွေးစိုစွတ်သည့် ပတ်ဝန်းကျင်ကို ကာလရှည်ကြာစွာ ထိန်းထားနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ အင်္ဂါဂြိုဟ်ပေါ်၌ လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၇ ဘီလီယံက သက်ရှိများရှင်သန်ရေးအတွက် အထောက်အပံ့ပေးနိုင်မည့် ပတ်ဝန်းကျင်မျိုးရှိခဲ့ကြောင်းကို ရွှံ့စေးမြေလွှာများက ပြသနေသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အင်္ဂါဂြိုဟ်ပေါ်ရှိရွှံ့စေးမြေလွှာများမှာ တစ်ချိန်က ရေစီးအားအလွန်ကောင်းခဲ့သော တောင်ကြားများနှင့် အလှမ်းဝေးပြီး ရှေးဟောင်းရေကန်များအနီး မြေနိမ့်ပိုင်းများ၌ တည်ရှိကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

HEALTH

အာရုံနာဗ်ဆဲလ်များသေဆုံးမှုကို တားဆီးနိုင်သော နည်းလမ်းတစ်ရပ် ဆေးပညာရှင်များ တွေ့ရှိ

နယူးယောက် ဇူလိုင် ၇

အာရုံနာဗ်ဆဲလ်များ သေဆုံးမှုကို တားဆီးနိုင်သည့် နည်းလမ်းတစ်ရပ်ကို ဆေးပညာရှင်များက တွေ့ရှိထားရာ ပါကင်ဆန်ရောဂါအတွက် ကုထုံးသစ်ဖြစ်လာနိုင်ကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ စတန်းဖို့ဒ် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် မျိုးဗီဇအပြောင်းအလဲ တစ်မျိုးတည်းကြောင့် ဖြစ်ပွားရသည့် ပါကင်ဆန်ရောဂါ ပုံစံတစ်မျိုးကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါ ပါကင်ဆန်ရောဂါ ပုံစံမျိုးရှိသူများ၌ ဦးနှောက်၏ ကိုယ့်ကိုယ် ကိုယ် ကာကွယ်နိုင်စွမ်းအား ဟန့်တားနှောင့်ယှက်တတ်သော ပရိုတင်းတစ်မျိုးစုစည်းမှု လွန်ကဲနေတတ်ကြောင်း သိရသည်။

သို့ရာတွင် LRRK 2 အမည်ရှိ အထက်ပါပရိုတင်းများကို ထိန်းချုပ်တားဆီးခြင်းဖြင့် ဦးနှောက် အာရုံနာဗ်ဆဲလ်များ သေဆုံးမှုကို တားဆီးနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

LRRK 2 ပရိုတင်းများစုစည်းမှုကို MLi-2 LRRK 2 Kinase Inhibitor ခေါ် မော်လီကျူးတစ်မျိုးဖြင့် ထိန်းချုပ်တားဆီးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန်နိုင်ငံ၌ ပါကင်ဆန်ရောဂါလူနာ ၁ ဒသမ ၁ သန်းခန့် ရှိပြီး ရောဂါဖြစ်ပွားမှုနှုန်း ထပ်တိုးလာနိုင်ကြောင်း သုတေသနပညာရှင်များက ခန့်မှန်းထားသည်။

Ref : Russia Today
Trs : KKO

ကုလားပဲစားသုံးခြင်းဖြင့် သွေးအတွင်း ကိုလက်စထရောစုစည်းမှုကို လျှော့ချနိုင်

နယူးယောက် ဇူလိုင် ၇

ကုလားပဲကိုစားသုံးခြင်းဖြင့် သွေးအတွင်း ကိုလက်စထရော ဓာတ် စုစည်းမှုကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးအတွင်း ကိုလက်စထရော စုစည်းမှုများနေသူများ အနေဖြင့် ကုလားပဲဟင်း တစ်ခွက်ကို သီတင်း ၁၂ ပတ်ကြာ နေ့စဉ်စားသုံးပါက ကိုလက်စထရောအဆင့်ကို ကျန်းမာရေးနှင့်ညီညွတ်သည့် အဆင့်သို့ လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှု မြင့်မားသူများကို နှစ်စုခွဲ၍ တစ်စုကို ကုလားပဲနေ့စဉ်ကျွေး၍ ကျန်တစ်စုကို အခြားပဲတစ်မျိုး နေ့စဉ်ကျွေးပြီး လေ့လာစောင့်ကြည့်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ကုလားပဲ နေ့စဉ်စားသုံးသူများ၌ ကိုလက်စထရော လျှော့ချနိုင်မှုမှာ ပို၍ ထိရောက်မှုရှိပြီး တစ် ဒက်ဆီတာ လျှင် ၁၈၆ မီလီဂရမ်ထိ ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ ကုလားပဲတွင် ပါဝင်သည့် Phytosterols ခေါ် ဓာတုပစ္စည်းတစ်မျိုးမှာ ကိုလက်စထရောကို လျှော့ချရာတွင် ထိရောက်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ဖီနာဘာချီအသင်းက အယ်နာဆာအသင်းမှ ဒူရန်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူ

အစ္စတန်ဘူလ် ဇူလိုင် ၇

တူကီယဲ ထိပ်တန်းကလပ် အသင်းတစ်သင်းဖြစ်သည့် ဖီနာဘာချီအသင်းက အယ်နာဆာအသင်းမှ တိုက်စစ်ကစားသမား ဒူရန်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ဒူရန်သည် ပြီးခဲ့သည့် ဧန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလက အေဗီလာအသင်းမှ အယ်နာဆာအသင်းထံ ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ရာသီဝက် အကြာတွင် အသင်းမှ ပြန်လည် ထွက်ခွာခဲ့ခြင်းဖြစ်သည်။

အသက် ၂၁ နှစ်ရှိ ဒူရန်သည် အယ်နာဆာ အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီ ရာသီဝက် ကာလတွင် ပြိုင်ပွဲစုံ ၁၈ ပွဲ ကစားခဲ့ရာ ၁၂ ဂိုး သွင်းယူနိုင်ခဲ့သည်ထိ ခြေစွမ်း ပြသနိုင်ခဲ့သော်လည်း အသင်းတွင် ဆက်လက်ကစားလိုခြင်း မရှိတော့သည့်အတွက် ခြောက်လအကြာတွင် အသင်းမှ ပြန်လည်ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒူရန်သည် အင်တာဗျူးအစီအစဉ်တစ်ခုတွင် မိမိအနေဖြင့် အယ်နာဆာအသင်းတွင် ကစားခဲ့ရသည်မှာ မပျော်ရွှင်ဘဲ ကာတာသို့ပြောင်းရွှေ့လိုသည်ဟု ပြောကြားခဲ့ပြီးနောက် အယ်နာဆာအသင်း ပရိသတ်များ၏ ပြင်းထန်သည့် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် အယ်နာဆာအသင်းက လည်း အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ခြင်းဖြစ်သည်။

နည်းပြ မော်ရင်ဟို တာဝန်ယူကိုင်တွယ်နေသည့် ဖီနာဘာချီ အသင်းကလည်း လာမည့် ဘောလုံးရာသီ တူကီယဲစူပါလိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးလိုသည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းကစားသမားများကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာမှ ဒူရန်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

ကွန်ကာကပ် Gold Cup ချန်ပီယံဆုဖလားကို မက္ကဆီကိုအသင်းဆွတ်ခူး

မက္ကဆီကိုစီးတီး ဇူလိုင် ၇

ကွန်ကာကပ် Gold Cup ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အိမ်ရှင်အမေရိကန် အသင်းနှင့် မက္ကဆီကိုအသင်းတို့ တွေ့ဆုံခဲ့ရာ မက္ကဆီကိုအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အမေရိကန် အသင်းက ပွဲစကတည်းက အိမ်ရှင် အားသာချက်ဖြင့် ဖိအားပေးကစားနိုင်ခဲ့သောကြောင့် ပွဲကစားချိန် လေးမိနစ်အရောက်တွင် အလွတ်တည်ကန်ဘောမှ ရစ်ချက်က အမေရိကန် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မက္ကဆီကိုအသင်းက ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲကစားချိန် ၂၇ မိနစ်အရောက်တွင် တိုက်စစ်မှူး ဂျီမီနက်ဇ်က ချေပဂိုး ပြန်လည် သွင်းယူနိုင်ခဲ့သည့်အပြင် ပထမပိုင်း ပွဲကစားချိန်များတွင် မက္ကဆီကိုအသင်းက ဆက်တိုက် ဖိအားပေး ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်မသေချာမှုများကြောင့် ဦးဆောင်ဂိုး ထပ်မံရရှိမည့် အခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။

ဒုတိယပိုင်း အရောက်တွင် အမေရိကန်အသင်းက အပြန်အလှန်ဖိအားပေးမှုများ ပြုလုပ်နိုင်ခဲ့ကာ တေးလ်မန်းနှင့် ဘာဟက် တာတို့အတွဲက ဂိုးရရှိမည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း မက္ကဆီကို ခံစစ်ကြောင်းကိုဖြတ်ကျော်နိုင်ခြင်းမရှိဘဲ ဦးဆောင်ဂိုး ရရှိရန်ခက်ခဲခဲ့ပြီး ပွဲချိန် ၇၇ မိနစ် အရောက်တွင် မက္ကဆီကိုအသင်းက အယ်ဗာရက်ဇ်၏ ခေါင်းတိုက် သွင်းဂိုးဖြင့် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

ထို့ကြောင့် မက္ကဆီကိုအသင်းသည် Gold Cup ပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် ချန်ပီယံဆုရယူနိုင်ခဲ့သည့်အပြင် ၁၀ ကြိမ်မြောက် ဆုဖလားရခဲ့သည့် အောင်မြင်မှု အများဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

စပါးအသင်းက ကူဒက်ကိုခေါ်ယူရန်ကမ်းလှမ်းမှု ဝက်စ်ဟမ်းအသင်းငြင်းပယ်

လန်ဒန် ဇူလိုင် ၇

စပါးအသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ဝက်စ်ဟမ်းအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ကူဒက်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းက ငြင်းပယ်ခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား ကူဒက်သည် ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ခဲ့စဉ်က စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၈၅သန်း သတ်မှတ်ထားသော်လည်း ဝက်စ်ဟမ်းအသင်းက ၎င်းကို ပြောင်းရွှေ့ကြေးလျှော့ချ၍ ရောင်းချရန် ပြင်ဆင်ခဲ့ပြီးနောက် စပါးအသင်းက စတာလင်ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းခဲ့ရာ ပယ်ချခဲ့ခြင်းဖြစ်သည်။

ကူဒက်သည် ၂၀၂၃ ခုနှစ်က အေဂျင့်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ဝက်စ်ဟမ်းအသင်းတွင် ပြိုင်ပွဲစုံ ပွဲ ၈၀ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၃ ကြိမ် ပြုလုပ်နိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၈၊ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြနိုင်ခဲ့သောကြောင့် စပါးအသင်းနည်းပြ သစ်ဖရန့်က တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ခေါ်ယူရန်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

သို့သော် ကူဒက်ကို ချဲလ်ဆီးအသင်းကလည်း စိတ်ဝင်စားနေသောကြောင့် စပါးအသင်းက လက်ဦးမှု ရယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေး ထပ်မံတိုးမြှင့်၍ ခေါ်ယူနိုင်ရန် ဝက်စ်ဟမ်းအသင်းတွင် ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ Ref : Espn
Trs : ML

အားကစားသတင်းအတိုအထွာများ

- ❑ လေဗာကူဆင်အသင်းဂိုးသမား ကိုဗာက အသင်းသို့ ဂိုးသမားဖလက်ကန် ပြောင်းရွှေ့လာသောကြောင့် ပွဲကစားခွင့်ပျောက်ဆုံးမည်ကိုစိုးရိမ်ခဲ့ပြီးနောက် နယ်သာလန်ကလပ် ပီအက်စ်ဗွီ အသင်းကိုပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ရာ နည်းပြတန်ဟတ်က ငြင်းပယ်ခဲ့ကြောင်း သိရသည်။
- ❑ မန်စီးတီးအသင်းက ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ပြီးနောက် ရာသီအကြိုနောက်ဆုံးပြင်ဆင်မှုအဖြစ် အီတလီနိုင်ငံတွင် လာမည့် သြဂုတ် ၈ ရက်၌ ပါလာမိုအသင်းနှင့် ခြေစမ်းပွဲ ကစားသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။
- ❑ အသက် ၃၉ နှစ်ရှိ ကွင်းလယ်ကစားသမား မိုဒရစ်သည် ကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲပြီးဆုံးပါက အေစီမီလန်အသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း နည်းပြအယ်လီဂရီက အတည်ပြု ထုတ်ပြန်ခဲ့သည်။
- ❑ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လက်စွမ်းပြကစားနိုင်ခဲ့သည့် ဘိုတာဖိုဂိုအသင်း ဂိုးသမား ဂျွန်ဗစ်တာကို ချဲလ်ဆီးအသင်းနှင့်အပြိုင် မန်ယူအသင်းက ကမ်းလှမ်းရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

အာဆင်နယ်အသင်းက ဇူဘီမန်ဒီကိုခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ထိ အသုံးပြုခဲ့ကြောင်း ထုတ်ပြန်

လန်ဒန် ဇူလိုင် ၇

အာဆင်နယ် အသင်းသည် ကွင်းလယ်ခံစစ်ပိုင်းအတွက် ဆိုစီဒက်အသင်းမှ ကွင်းလယ်ကစားသမား ဇူဘီမန်ဒီကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ထိ အသုံးပြုခဲ့ရပြီးနောက် အပြီးသတ်ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၂၆ နှစ်ရှိ ဇူဘီမန်ဒီ၏ စာချုပ်ဖျက်သိမ်းကြေးမှာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၁ သန်း သာရှိသော်လည်း ခေါ်ယူရန် ကြန့်ကြာနေသောကြောင့် အာဆင်နယ်အသင်းက ပြောင်းရွှေ့ကြေး အပြင် စတာလင်ပေါင် ကိုးသန်း ထပ်မံပေးချေ၍ စုစုပေါင်း စတာလင်ပေါင် သန်း ၆၀ ထိ အသုံးပြုခဲ့ပြီး ခေါ်ယူနိုင်ခဲ့ကြောင်းသိရသည်။.

လက်ရှိတွင် ဇူဘီမန်ဒီသည် အာဆင်နယ်အသင်းတွင် ဆေးစစ်မှု အောင်မြင်ခဲ့သဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ပြီး အသင်းတွင် ကျော်နံပါတ် ၃၆ ကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အာဆင်နယ်အသင်း နည်းပြ အာတီတာသည် ဇူဘီမန်ဒီကို ခေါ်ယူရန် ကာလရှည်ကြိုးပမ်းခဲ့ရသော်လည်း ခေါ်ယူနိုင်ခြင်းမရှိခဲ့သည့်အပြင် အသင်းအနေဖြင့်လည်း အမှတ်ပေးပြိုင်ပွဲတွင် သုံးရာသီဆက်တိုက် ဒုတိယနေရာ ဖြင့်သာ အဆုံးသတ်ခဲ့ရသောကြောင့် ယခုအခါ ဇူဘီမန်ဒီကို ခေါ်ယူ၍ ကွင်းလယ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းခဲ့ပြီး လာမည့် ပရီးမီးယားလီဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်း၊ လီဗာပူးအသင်းတို့နှင့် အပြိုင် ချန်ပီယံဆုကို စိန်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Daily Mail
Trs : ML

အမျိုးသမီးလိုက်ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် ကေတီတေလာနှင့် ဆာရန်နိုတို့ တတိယမြောက်မကျေပွဲ ထိုးသတ်မည်

နယူးယောက် ဇူလိုင် ၇

အမျိုးသမီး လိုက်ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ အိုင်ယာလန်လက်ဒ္ဓေမယ် ကေတီတေလာသည် ပွာတိုရီကိုလက်ဒ္ဓေမယ် ဆာရန်နိုနှင့် ဇူလိုင် ၁၁ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကေတီတေလာနှင့် ဆာရန်နိုတို့သည် ပထမအကြိမ်တွေ့ဆုံခဲ့စဉ်က ကေတီတေလာက Split Decision ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယအကြိမ် ထပ်မံတွေ့ဆုံခဲ့စဉ်တွင်လည်း ကေတီတေလာကဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့သည်။

ၜင်းတို့အကြား တွေ့ဆုံမှုတွင် ပြတ်သားသည့်ရလဒ် ထွက်ပေါ်လာခြင်းမရှိသေးဘဲ ကေတီတေလာအနေဖြင့် နှစ်ပွဲဆက်တိုက် အနိုင်ရထားသော်လည်း ဆာရန်နိုနှင့် ပြတ်သားသောရလဒ် ထွက်ပေါ်လာရေးအတွက် တတိယမြောက်စိန်ခေါ်ပွဲစဉ်ကို လက်ခံခဲ့ခြင်းဖြစ်သည်။

ကေတီတေလာသည် ဆာရန်နို ၈၊ တတိယမြောက်ကမ်းလှမ်းမှုကို ငြင်းဆန်နိုင်သည့် အခွင့်အရေးရှိသော်လည်း ဆာရန်နိုသည် ၜင်းအတွက် ပြိုင်ဘက်ကောင်းဖြစ်သည့်အတွက် စိန်ခေါ်မှုကို လက်ခံခဲ့ခြင်းဖြစ်သည်။

ကေတီတေလာသည် အသက် ၃၉ နှစ်အရွယ် ရှိနေပြီဖြစ်ပြီး ဆာရန်နိုသည် ၃၆ နှစ်ရှိသည့် လက်ဒ္ဓေမယ် တစ်ဦးဖြစ်ကာ အသက်အရွယ်ပိုင်းအရ ဆာရန်နိုအတွက် ရလဒ်ကောင်းရန် အခြေအနေကောင်းနေသည်။

ကေတီတေလာ အနေဖြင့် အသက်အရွယ်ပိုင်းအရ လှုပ်ရှားမှုပိုင်း အနည်းငယ်လေးလံနေပြီဖြစ်ပြီး ဆာရန်နိုသည် နှစ်ကြိမ်တိုင်တိုင် ရှုံးနိမ့်ထားသောကြောင့် ၜင်းတို့အကြား နောက်ဆုံးပွဲစဉ်ဖြစ်လာနိုင်သည့်ပွဲစဉ်၌ အနိုင်ရလဒ်ကို ရယူနိုင်ရေးအတွက် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

Ref : Fight Mag
Trs : AZL

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ စပိန်ကစားသမား အယ်ကာရက်ဇ်တက်ရောက်

လန်ဒန် ဇူလိုင် ၇

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ရုရှားတင်းနစ်ကစားသမား ရူဘာလက်ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၇၊ ၆-၃၊ ၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်အနေဖြင့်ကွာတားဖိုင်နယ်အဆင့် ရောက်သည်ထိ အကောင်းဆုံးလက်စွမ်းပြထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ချန်ပီယံဆုအားဆွတ်ခူးနိုင်ရန် ပိုမိုရေပန်းစားလာခဲ့သော်လည်း အဓိကပြိုင်ဘက်များဖြစ်ကြသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်တို့သည်လည်း နိုင်ပွဲများ ရရှိထားသည့်အတွက် ခက်ခဲသော ပြိုင်ဘက်များဖြင့် တွေ့ဆုံရန် ကျန်ရှိနေသည်။

အယ်ကာရက်ဇ်က "ရူဘာလက်ဖ်က နည်းစနစ်ကောင်းတဲ့ ကစားသမားတစ်ယောက် ဖြစ်သလို ခက်ခဲတဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ သူနဲ့ကစားဖူးခဲ့တဲ့ ကစားသမားတိုင်းရူဘာလက်ဖ်ဟာ ဘယ်လောက်အထိ ခက်ခဲတဲ့ ပြိုင်ဘက် တစ်ယောက်ဆိုတာ အားလုံးက သိကြပါတယ်။ ရူဘာလက်ဖ်နဲ့ပွဲစဉ်ဟာ တစ်ကယ့်ကို ပွဲကြီးပွဲကောင်းဖြစ်ခဲ့ပါတယ်။ ခက်ခဲတဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ကိုအနိုင်ရခဲ့လို့ ကျွန်တော့် အနေနဲ့ ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်သည် ကွာတားဖိုင်နယ်အဆင့်တွင် အိမ်ရှင်ကစားသမား ကင်မရွန်းနော်ရီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

ကလပ်ကမ္ဘာ့ဖလားတွင် ဂိုးသွင်းယူခဲ့သည့် ရီးရဲလ်တိုက်စစ်မျှား အမ်ဘက်ပီ စံချိန်သစ်များ ထပ်မံရရှိ

ရီယာ့ဒ် ဇူလိုင် ၇

တိုက်စစ်မျှား အမ်ဘက်ပီသည် ဒေါ့မွန်အသင်းနှင့် ကစားခဲ့သည့် ဖီဖာကလပ်ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး နောက် ပြိုင်ပွဲစုံ ခုနစ်ပွဲ၌ ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားဖြစ်လာခဲ့သည့်အပြင် ရီးရဲလ်မက်ဒရစ်အသင်း သမိုင်းတစ်လျှောက် ဘောလုံးရာသီတစ်ရာသီအတွင်း ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သည့် စံချိန်သစ်များ ထပ်မံရရှိခဲ့ကြောင်း သိရသည်။

အမ်ဘက်ပီသည် ဒေါ့မွန်အသင်းနှင့်ပွဲစဉ်တွင် ဒုတိယပိုင်းပွဲကစားချိန်မှ လူစားဝင်ကစားသမားအဖြစ် ပါဝင်ခဲ့ရသော်လည်း နာကျင်အချိန်ပို မိနစ် ၉၂ မိနစ်တွင် အသင်းအတွက် တတိယဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ယူအီးအက်ဖ်အေစူပါဖလား၊ လာလီဂါဖလား၊ ချန်ပီယံလီဂ်ဖလား၊ တိုက်ကြီးများဖလား၊ စပိန်စူပါဖလား၊ စပိန်ကိုပါဒယ်ရေးဖလားနှင့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမား ဖြစ်လာခဲ့သည်။

ၜင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် လာလီဂါပြိုင်ပွဲတွင် သွင်းဂိုး ၃၁ ဂိုး၊ ချန်ပီယံလီဂ်ပြိုင်ပွဲတွင် သွင်းဂိုး ခုနစ်ဂိုး၊ စပိန်ကိုပါဒယ်ရေး ဖလားတွင် သွင်းဂိုး နှစ်ဂိုး၊ စပိန်စူပါဖလားတွင် သွင်းဂိုး တစ်ဂိုး၊ ယူအီးအက်ဖ်အေစူပါဖလားတွင် သွင်းဂိုး တစ်ဂိုး၊ တိုက်ကြီးများဖလားတွင် သွင်းဂိုး တစ်ဂိုး၊ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် အသင်းနှင့် ပထမဆုံး ဘောလုံးရာသီတွင် သွင်းဂိုး ၄၄ ဂိုးထိ အများဆုံးသွင်းယူနိုင်သည့် မှတ်တမ်းကောင်းကိုရရှိခဲ့သည်။

ထို့ပြင် တိုက်စစ်မျှား အမ်ဘက်ပီသည် ပရီးမီးယားလီဂ်၊ ဘွန်ဒက်လီဂါ၊ စီးရီးအေနှင့် လာလီဂါ ထိပ်သီးကလပ် လေးခုတွင် ဘောလုံးရာသီ တစ်ရာသီအတွင်း သွင်းဂိုး ၄၄ ဂိုးထိ သွင်းယူခဲ့သည့် တိုက်စစ်မျှား ဘင်ဇီးမား၏ စံချိန်ကို လိုက်မီခဲ့ကြောင်း သိရသည်။

Ref : 90min
Trs : ML

စီရော်နယ်ဒိုနောက်ပိုင်း ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ သွင်းဂိုးအများဆုံး ရီးရဲလ်မက်ဒရစ်ကစားသမားအဖြစ် ဂါစီယာရပ်တည်

မက်ဒရစ် ဇူလိုင် ၇

ရီးရဲလ်မက်ဒရစ် အသင်းလူငယ်တိုက်စစ်ကစားသမား ဂါစီယာသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ကစားခဲ့သည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် အသင်းတွင် စီရော်နယ်ဒိုနောက်ပိုင်း ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ဂါစီယာသည် ဖီဖာကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး ဒေါ့မွန်အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ဖီဖာကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် သွင်းဂိုး လေးဂိုး ထိရှိလာခဲ့ပြီး စီရော်နယ်ဒိုအား ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ သွင်းဂိုးအများဆုံး ကစားသမား အဖြစ် စီရော်နယ်ဒိုက ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ပြိုင်ပွဲတွင် သွင်းဂိုး လေးဂိုးသွင်းယူနိုင်ခဲ့ပြီး စီရော်နယ်ဒိုနောက်ပိုင်းတွင် ဖီဖာကလပ်ကမ္ဘာ့ဖလား သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ဂါစီယာက မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင်လည်း ဂါစီယာသည် ဘင်ဖီကာအသင်းမှ ဒီမာရီယာ၊ အယ်ဟိုင်လာအသင်းမှ လီယိုနာဒို၊ ဒေါ့မွန်အသင်းမှ ဂီရက်စီတို့နှင့် ထိပ်ဆုံးတွင် ပူးတွဲရပ်တည်နေပြီး အခြားကစားသမားများက ပြိုင်ပွဲမှ အသီးသီး ထွက်ခွာခဲ့သည့်အတွက် ပြိုင်ပွဲ၏ သွင်းဂိုးအများဆုံး ကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

Ref : Fotmob
Trs : STA

မန်ယူအသင်းက အန်တိုနီအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ သတ်မှတ်

မန်ချက်စတာ ဇူလိုင် ၇

မန်ယူအသင်းက တောင်ပံတိုက်စစ်ကစားသမား အန်တိုနီအတွက် ပြောင်းရွှေ့ကြေးကို လျှော့ချခဲ့ပြီး စတာလင်ပေါင် သန်း ၃၀သတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ အန်တိုနီသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်ကမြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၈၀ ဖြင့် အေဂျင့်အသင်းမှ မန်ယူအသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အေဂျင့်အသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်း ပြသနိုင်ခဲ့သော်လည်း မန်ယူအသင်းတွင် ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ဘဲ ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

မန်ယူအသင်းက ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့သည့်အတွက် အန်တိုနီကို ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက ဘက်တစ်အသင်းထံ ရာသီဝက် အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ပြီးနောက် ခြေစွမ်းပြသနိုင်ခဲ့သော်လည်း မန်ယူအသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်အတွက် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

အစောပိုင်းက မန်ယူအသင်းသည် အန်တိုနီအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၄၀ သတ်မှတ်ထားသော်လည်း ကမ်းလှမ်းမည့် အသင်းမရှိသည့်အတွက် ပြောင်းရွှေ့ကြေးကို လျှော့ချခဲ့ပြီးနောက် စတာလင်ပေါင် သန်း ၃၀ ရရှိလျှင် ရောင်းချရန်ဆုံးဖြတ်ခဲ့ပြီး အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည့် ဘက်တစ်အသင်းက အပြီးသတ် ခေါ်ယူလိုနေပြီး စတာလင်ပေါင် သန်း ၃၀ သတ်မှတ်ခဲ့သည့် အတွက် ကမ်းလှမ်းသွားဖွယ်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

ကြားမြင်သုတ ရှိကြပါစေ

ဘုန်းသန့်စင်

ဗဟုသုတ

ဗဟုသုတဆိုသည်မှာ အတွေ့အကြုံ သို့မဟုတ် ပညာသင်ကြားသင်ယူမှုတို့မှ ရရှိလာသော အကြောင်းအရာ၊ သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှု သို့တည်းမဟုတ် ဘာသာရပ်တစ်ခုကို လက်တွေ့ သို့မဟုတ် သီအိုရီအရသိရှိမှုဟု ယေဘုယျ အားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

ဗဟုသုတပြည့်စုံကြွယ်ဝသူများသည် အရာရာကို မှန်ကန်တည့်မတ်စွာ ပိုင်းခြားဝေဖန်နိုင်သည့် အသိပညာတို့ ရှိပြီးဖြစ်သည်။ ဗဟုသုတများသူသည် ဆုံးဖြတ်ချက်များကို မှန်ကန်စွာ ချမှတ်နိုင်ခြင်း၊ အမှုကိစ္စများကို လွယ်ကူစွာ ဖြေရှင်းနိုင်ခြင်း၊ တွေးတောဆင်ခြင်နိုင်စွမ်း ကောင်းမွန်ခြင်း စသည့် အရည်အချင်းများနှင့် ပြည့်ဝသူများ ဖြစ်သည်။ ဗဟုသုတများကိုရှာဖွေစုဆောင်းရာတွင် ဘဝအတွေ့အကြုံများကပေးသော ကိုယ်တွေ့ဗဟုသုတနှင့် စာပေလေ့လာဖတ်ရှုခြင်းတို့ကပေးသော စာတွေ့ဗဟုသုတဆိုသည့် နှစ်မျိုးစလုံး ပြည့်ဝနေရန် လိုသည်။ ဘဝအတွေ့အကြုံဆိုသည်မှာ လူမှုဘဝတွင် နေ့စဉ်ကြုံတွေ့ရသော အကြောင်းအရာများမှ ရရှိသော အသိအမြင်၊ ဗဟုသုတ ဖြစ်သည်။

ရှာဖွေစုဆောင်းအပ်သည်

ကောင်းကင်မှ ကျဆင်းလာသော မိုးစက်မိုးပေါက်ကလေးများကို လက်ဖြင့်ခံယူစုဆောင်းမည်ဆိုပါက အနည်းငယ်သာ ရမည်ဖြစ်သော်လည်း ရေအိုးဖြင့် စုဆောင်းမည်ဆိုပါက ရေအိုးတစ်လုံးစာ ရမည်ဖြစ်သည်။ ထိုထက်ပို၍ စနစ်တကျဖြင့် ရေကန်ပြုလုပ်၍ စုဆောင်းမည်ဆိုပါက သောက်ရေသုံးရေတို့ကို လုံလောက်စွာ ရရှိစေမည်ဖြစ်သည်။ အသိပညာအတတ်ပညာဗဟုသုတများကို ရှာဖွေစုဆောင်းသူသည်လည်းအချိန်နှင့်အမျှ ရသမျှသော အကြားအမြင် ဗဟုသုတတို့ကို ရှာဖွေစုဆောင်းရမည်ဖြစ်သည်။ အသိပညာ အတတ်ပညာတို့သည်ကား လိုအပ်သည့်နေရာ လိုအပ်သည့်အချိန်တွင် ပြန်လည်အသုံးချ၍ ရသည်သာဖြစ်သည်။ အချိန်တန်သည့်အခါ ပြန်လည်အသုံးပြု၍ သို့မဟုတ် အသုံးချ၍ မရသောပညာဟူ၍ မရှိပေ။

မိတ္ထီလာနယ် ဝန်ဇင်းအမည်ရှိသော ရွာကလေးတစ်ရွာမှ သာမန်လယ်သမားဘဝဖြင့် အသက်မွေးရသည့် ညီဆိုသောသူရင်းငှားတစ်ဦးသည် ရွာသူကြီးသမီးဖြစ်သူနှင့် အိမ်ထောင်ကျလေသည်။ သူကြီးကလယ်သူရင်းငှားဘဝဖြင့် အသက်မွေးရသော်လည်း စာတိုပေစများကို တွေ့ရာနေရာတွင် ဖတ်၍နေတတ်သော သမက်ဖြစ်သူကို အမြင်မကြည်လင်သဖြင့် လယ်ကွင်းပြင်သို့ပို့၍ လယ်ထွန်ခိုင်းလေသည်။ ထိုစဉ်တိုင်းပြည်ကိုအုပ်စိုးသော မင်းကြီးစွာစော်ကဲသည် မိတ္ထီလာကန်ကျိုးပေါက်သဖြင့် ကိုယ်တိုင်လာရောက်ကာ ကန်တော်မင်္ဂလာပြုပြင်ခြင်းအမှုကို ကြီးကြပ်နေစဉ်၊ ကန်ပေါင်ရိုးပေါ်တွင် နတ်ကွန်းအနီးအလွန်လှပသော အမျိုးသမီးအရုပ် တစ်ရုပ်ကို တွေ့သဖြင့် အရုပ်၏သမိုင်းကြောင်းကို မေးရာတွင် တစ်ဦးတစ်ယောက်မျှ ဖြေဆိုနိုင်ခြင်းမရှိခဲ့ပေ။

ထိုအခါ မင်းကြီးက ဖြေဆိုနိုင်သူကိုရှာဖွေပေးရန် အမိန့်တော်ရှိသဖြင့် စာတိုပေစတို့ကို အားသည့် အချိန်တိုင်းတွင် ဖတ်ရှုကာဗဟုသုတရှာဖွေစုဆောင်းနေသည့် ညီအကြောင်းကို ဒေသခံများထံမှ ကြားရသည့် မှူးမတ်တို့က ညီကိုဘုရင့်ထံခေါ်ဆောင်လာလေသည်။ အမျိုးသမီးရုပ်နှင့် နတ်ကွန်း၏ အကြောင်းကို မည်သူတစ်ဦးတစ်ယောက်မျှ ဂဃနဏ မသိသော်လည်း ဘုရားကြီး"ဤအမျိုးသမီးရုပ်တုသည် နတ်သမီးရုပ်မဟုတ်ပေ။ အရှင်မင်းကြီး၏ ဘေးတော် အနော်ရထာမင်းကြီး မိတ္ထီလာကန်တော်သို့ ရောက်ရှိစဉ်တွင် ရုတ်တရက် ကွယ်လွန်သွားသည့် ၎င်း၏မိဖုရားရုပ်အလောင်းနှင့် ရွှေရုပ်ကို မြှုပ်နှံခဲ့ပြီး ၎င်းအပေါ်တွင် နတ်ကွန်းပြုလုပ်၍ သစ်သားရုပ်တုကို တင်ထားခြင်းဖြစ်ကြောင်း လျှောက်တင်ခဲ့သည်။ မင်းကြီးက နတ်ကွန်းအောက်ကို တူးဖော်စေခဲ့ရာ ရွှေစင်ရုပ်တုကို တွေ့ရှိခဲ့သဖြင့် ဟုတ်တိုင်းမှန်ရာကို တိကျသေချာစွာ လျှောက်ထားနိုင်သည့် ညီကိုမင်းကြီးက သဘောကျပြီး ပညာရှိအရာ ခန့်အပ်ခဲ့ရာမှ နောင်တွင် ဝန်ဇင်းမင်းရာဇာဆိုသည့် နိုင်ငံကျော်ပညာရှိဘဝကိုရကာ

> ❖ ဗဟုသုတများသူသည် ဆုံးဖြတ်ချက်များကို မှန်ကန်စွာ ချမှတ်နိုင်ခြင်း၊ အမှုကိစ္စများကို လွယ်ကူစွာ ဖြေရှင်းနိုင်ခြင်း၊ တွေးတောဆင်ခြင်နိုင်စွမ်းကောင်းမွန်ခြင်း စသည့်အရည်အချင်းများနှင့် ပြည့်ဝသူများဖြစ်သည်။ ဗဟုသုတများကိုရှာဖွေစုဆောင်းရာတွင် ဘဝအတွေ့အကြုံများကပေးသော ကိုယ်တွေ့ဗဟုသုတနှင့် စာပေလေ့လာဖတ်ရှုခြင်းတို့ကပေးသော စာတွေ့ဗဟုသုတဆိုသည့် နှစ်မျိုးစလုံး ပြည့်ဝနေရန် လိုသည်။ ဘဝအတွေ့အကြုံဆိုသည်မှာ လူမှုဘဝတွင် နေ့စဉ်ကြုံတွေ့ရသော အကြောင်းအရာများမှ ရရှိသော အသိအမြင်၊ ဗဟုသုတ ဖြစ်သည်။ ❖

စာပေဗဟုသုတအသိဖြင့် ထွန်တုံးကိုအဖော်ပြုရသည့် အောက်ဆုံးဘဝမှ ထိပ်ဆုံးသို့ ရောက်ခဲ့ရလေသည်။

မမျှော်လင့်သော ဘဝပို့ဆွာများ

ဗဟုသုတများကို စာပေပညာရပ်များ အပါအဝင် ဘဝခရီးလမ်း လျှောက်လှမ်းရာတွင် တွေ့မြင်ကြားသိရသည့် ဗဟုသုတများကိုလည်း မှတ်ယူထားခြင်းဖြင့် အကျိုးများနိုင်သည်။ ကုသဝတီပြည်၌ မဟာသမ္မတမင်းစိုးစံစဉ်ကာလတွင် ပုဏ္ဏားခုနစ်ဦးတို့သည် အဆွေခင်ပွန်းဖွဲ့၍နေကာ ဗေဒင်ဟောကြားခြင်းမှ ရရှိသောငွေတို့ကို စုပေါင်းထားလေသည်။ ခုနစ်ဦးစုဆောင်းငွေ အသပြာငါးရာ ရရှိချိန်တွင် ခွဲဝေလိုသူနှင့် ဆက်လက် စုဆောင်းလိုသူစသည်ဖြင့် ဝိဝါဒဖြစ်ကြလေသည်။ ထိုအခါ အသပြာငါးရာကို မုဆိုးမတစ်ဦးထံအပ်နှံ၍ ခုနစ်ရာပြည့်သောအခါမှ ပြန်ယူပြီး တစ်ဦးလျှင် အသပြာတစ်ရာခွဲဝေကြရန် ဆုံးဖြတ်ကြလေသည်။

ပုဏ္ဏားခုနစ်ဦးသည် အသပြာငါးရာကို ယူ၍ ရိုးသားသည့် သူဆင်းရဲမုဆိုးမတစ်ဦးထံတွင် "ငွေအသပြာငါးရာကို ပုဏ္ဏားခုနစ်ဦးစုံ၍ လာတောင်းမှသာပေးရန်" မှာကြားကာ အပ်နှံထားလေသည်။ ငွေအသပြာငါးရာကိုအပ်နှံပြီး၍ ခရီးထွက်ခွာရန် ပြင်ဆင်နေသည့် အခိုက်အတန့်တွင် သူဆင်းရဲမအိမ်နှင့် တစ်ခေါ်ခန့်သာ အကွာအဝေးရှိချောင်းတစ်ခုတွင် ခေါင်းဆေးမင်္ဂလာပြုရန် ပြင်ဆင်ကြလေရာ တရော်ကင်ပွန်းမရှိသဖြင့် မုဆိုးမအိမ်သို့သွား၍ အပ်ထားခဲ့သည့် တရော်ကင်ပွန်းတောင်းရန် အင်ယ်ဆုံးပုဏ္ဏားကိုခိုင်းကြလေသည်။ ငွေအသပြာငါးရာကို အချိန်တွင် ပို့ထားသည့် အသပြာငါးရာကိုယူ၍ ထွက်သွားလေသည်။

ပုဏ္ဏားများက ပုဏ္ဏားငယ်ထွက်ပြေးသွားသည်ကိုသိသော် ငွေအသပြာငါးရာကိုယူ၍ ထွက်ပြေးသွားသည်ဟုသံသယဖြစ်သဖြင့် မုဆိုးမထံသွားသည့်အခါ ထင်သည့်အတိုင်းဖြစ်သဖြင့် ခုနစ်ဦးစုံမှပေးရန် မှာထားလျက်ဖြင့် ပေးလိုက်ခြင်းဖြစ်သဖြင့် ပြန်လျော်ရမည်ဟု ပြောလေသည်။ မုဆိုးမကလည်း မိမိလှမ်းအော်မေးရာတွင် ပေးလိုက်ဟုပြန်ဖြေသဖြင့် ပေးလိုက်ခြင်းဖြစ်ကြောင်း ပြောလေသည်။ ပုဏ္ဏားတို့ကလည်းအပ်ထားသည့် ပစ္စည်းဆိုသည်မှာတရော်ကင်ပွန်းဟုထင်သဖြင့် ပေးလိုက်ရန် ပြောခြင်းဖြစ်သည်ဟုဆိုကာ အသပြာငါးရာ ပြန်တောင်းလေသည်။ နောက်ဆုံးတွင် မဟာသမ္မတမင်းထံရောက်ရှိသွားရာမုဆိုးမကို မှားသည်ဟုဆုံးဖြတ်ကာ မလျော်နိုင်ပါက ပုဏ္ဏားခြောက်ဦးထံ တစ်လှည့်စီ ကျွန်ခံသွားရန် အမိန့်ချမှတ်လိုက်လေသည်။

ကြားမြင်သုတရှိကြသူတို့၏ အကျိုး

ပုဏ္ဏားခြောက်ဦးတို့ထံတွင် တစ်လှည့်စီ ကျွန်ခံနေရသည့် မုဆိုးမတွင် သမီးကလေးတစ်ဦး ရှိလေသည်။ ထိုကလေးသည် ငယ်စဉ်ကတည်းက လူကြီးသူမများ၏ ဆိုဆုံးမမှုကိုခံယူတတ်ပြီး စာပေဗဟုသုတများကို အစဉ်တစိုက် ရှာဖွေစုဆောင်းနေသူဖြစ်သဖြင့် အရွယ်ရလာသည့်နှင့်အမျှ အကြားအမြင် ဗဟုသုတများပိုမိုရရှိလာလေသည်။ အရွယ်ရောက်သည့်အခါ မိခင်ဖြစ်သူ၏ ပုဏ္ဏားခြောက်ဦးထံတွင် အလှည့်ကျ ကျွန်ခံနေရသည့် ဇာတ်ကြောင်းအပြည့်အစုံကိုမိခင်ဖြစ်သူထံမှ သိရလေသည်။ မတရားခံရသဖြင့် တရားမျှတမှုပြန်လည်တောင်းယူမည်ဟုဆိုကာ မိခင်ကိုလက်ဆွဲ၍ တရားစီရင်သည့် မင်းကြီးထံ ရောက်သွားလေသည်။

မင်းကြီးအား အကြောင်းစုံ လျှောက်ထား၍ ပုဏ္ဏား ခြောက်ဦးကို ပြန်ခေါ်ပေးပါရန် ပြောသဖြင့် ပုဏ္ဏားခြောက်ဦးလည်း နန်းရင်ပြင်၌ တရားစီရင်ရန် ခစားရလေသည်။ မိန်းမပျိုကလေးက "ပုဏ္ဏား ခုနစ်ဦးမှ အပ်နှံထားသည့် အသပြာငါးရာကို ခုနစ်ဦးမစုံဘဲပေးမိသဖြင့် မိခင်ဖြစ်သူမှာ တာဝန်ရှိသည်။ ငွေအသပြာငါးရာကို ပြန်မပေးနိုင်သဖြင့် ကျွန်ခံရန် ဆုံးဖြတ်ခဲ့သည်မှာ ဟုတ်ပါသလား"ဟု လျှောက်တင်လေသည်။ မင်းကြီးကလည်း "တာဝန်ရှိသဖြင့် အမှန်အတိုင်း ဆုံးဖြတ်ခဲ့ပါသည်"ဟု မိန့်တော်မူလေသည်။ မိန်းမပျိုကလေးကလည်း "အရှင်မင်းကြီးပုဏ္ဏား ခုနစ်ဦးကိုပြန်လည်ပေးဆပ်ဖို့ ငွေအသပြာငါးရာ ခေတ္တခဏချေးငှားပါရန်" တောင်းပန်လျှောက်ထားသဖြင့် မင်းကြီးလည်း မည်သို့ဆောင်ရွက်မည်ကို သိလိုသဖြင့် ချေးပေးလိုက်လေသည်။

ငွေအသပြာငါးရာရသောအခါ မိန်းမပျိုကလေးက"မြတ်သောမင်းကြီး ပုဏ္ဏားခုနစ်ဦး အပ်နှံထားသော ငွေအသပြာငါးရာကို ယခုပင် ပြန်လည်ပေးဆပ်လိုသည်။ ပုဏ္ဏားခုနစ်ဦးစလုံးစုံသည့်အခါ အပ်နှံလိုပါသည်"ဟု လျှောက်ထားလေသည်။ ပုဏ္ဏား ခြောက်ဦးလည်း ငွေအသပြာငါးရာ ယူသွားသည့် ပုဏ္ဏားငယ်ကလေး မည်သည့်နေရာ ရောက်နေသည်မသိသဖြင့် ခေါ်ယူပေးရန် မဖြစ်နိုင်ဟုတင်ပြလေသည်။ ထိုအခါ မင်းကြီးလည်း ဤအမျိုးသမီးသည် များစွာသော ပညာဗဟုသုတတို့ကို ရှာဖွေစုဆောင်းထားပြီး အကြားအမြင် သုတရှိသူဟု ချီးမွမ်းထောမနာပြုကာ ပုဏ္ဏားတို့ထံ ငွေအသပြာငါးရာပေးစရာမလိုတော့သကဲ့သို့ မိမိထံမှခေတ္တ ချေးငှားထားသည့် ငွေအသပြာငါးရာကိုပါ ချီးမြှင့်လိုက်လေသည်။

ကြားမြင်သုတရှိကြစေ

စာပေဗဟုသုတများ၊ စာတိုပေစများ ဖတ်ရှုမှုကိုအစဉ်ပြုခဲ့သော စာတိုင်ညီညည် ထွန်တုံးကိုလက်ကိုင်ထား၍ နွားနှင့်ယှဉ်ရှုန်းရသည့်ဘဝမှ ဘုရင်က အသိအမှတ်ပြုသည့် ပညာရှိဝန်ဇင်းမင်းရာဇာဘဝ သို့ ရခဲ့သည်။ ပုဏ္ဏားခြောက်ဦးထံတွင် အလှည့်ကျ ကျွန်ခံနေရသည့် ကျွန်မ၏ သမီးဘဝသို့ ရောက်ရှိ သွားသော်လည်း အကြားအမြင် ဗဟုသုတများကို ရှာဖွေစုဆောင်းနိုင်ခဲ့သဖြင့် ဘုရင်၏ စီရင်ချက်ကိုပယ်ဖျက်နိုင်ခဲ့ရုံသာမက ဆုတော်ငွေအသပြာငါးရာကိုပင် ရရှိခဲ့သည်။ အကြားအမြင် ဗဟုသုတတို့ကို စာပေပညာရပ်များမှလည်းကောင်း လူမှုပတ်ဝန်းကျင်မှလည်းကောင်း ရနိုင်သည့်နေရာမှ ရှာဖွေစုဆောင်းသူတို့၏ ရလဒ်ပင်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း စာပေပညာဗဟုသုတများ၊ အသိပညာအတတ်ပညာများကို အစဉ်တစိုက် လေ့လာဆည်းပူးခြင်းဖြင့် အကြားအမြင် ဗဟုသုတများရှိအောင် ကြိုးစားရမည် ဖြစ်သည်။ ကြားမြင်သုတများကြခြင်းဖြင့် ဘဝခရီးကို လွယ်ကူချောမွေ့စွာ လျှောက်လှမ်း၍ အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းနိုင်ကြမည်သာဖြစ်ပါသည်။

ကိုးကား

- ၃၈ ဖြာ မင်္ဂလာပုံပြင်များ (မင်းယုဝေ)
- နေ့စဉ်ထုတ်သတင်းစာများ။

ငြိုး အမည်ရှိ မြန်မာရုပ်မြင်သံကြားဇာတ်လမ်းတွဲမှ သရုပ်ဆောင်များက ပရိသတ်များနှင့် တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

M Entertainment Channel ရုပ်သံလိုင်းတွင် ပြသနေဆဲဖြစ်သည့် ငြိုး အမည်ရှိ မြန်မာရုပ်မြင်သံကြားဇာတ်လမ်းတွဲမှ သရုပ်ဆောင်များနှင့် ပရိသတ်များ တွေ့ဆုံပွဲကို ဇူလိုင် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ်ရှိ Junction City Promotion Area တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ငြိုး အမည်ရှိ မြန်မာရုပ်မြင်သံကြား ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ စနိုးမိုင်လီက ရေးသားထားပြီး ထက်မြက်ဇင်နိုင်က ဇာတ်ညွှန်းရေးသားပေးထားကာ ဒါရိုက်တာ စနိုးမိုင်လီကပင် M Entertainment အတွက် ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"လူတိုင်းက စိတ်ညစ်လာရင် သီချင်းအော်ဆိုတတ်ကြတဲ့ သူတွေရှိသလို ညည်းညူကြတဲ့ ပုံစံတွေ အမျိုးစုံရှိကြပါတယ်။ အစ်မလဲ ငြီးတွားသံကနေစပြီးတော့ ငြိုးဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ဇာတ်လမ်းလေးရေးခဲ့ပြီး ဒီဇာတ်လမ်းတွဲလေး ဖြစ်လာတာပါ" ဟု ဒါရိုက်တာ စနိုးမိုင်လီက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ ဟိန်းရွှေင်ရယ်၊ ဆောင်းဝတ်ရည်မေ၊ ဖုန်းသီရိကျော်၊ ဝေဖြိုး၊ သန်းသန်းစိုး၊ နန်းအိန္ဒြေ၊ ကလေးသရုပ်ဆောင် ဘုန်းမြတ်မင်းစံနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

M Entertainment Channel ရုပ်သံလိုင်းနှင့် Be Bee TV မှ ငြိုး အမည်ရှိ မြန်မာရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို ဇွန်လ ၂၁ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၇ နာရီအချိန်တွင် ထုတ်လွှင့်တင်ဆက်လျက်ရှိကြောင်း သိရသည်။ ASH

Jurassic World Rebirth ၏ ပထမပတ်ဝင်ငွေ ကန်ဒေါ်လာ ၃၁၂ သန်းကျော်ရှိနိုင်

နယူးယောက် ဇူလိုင် ၇

ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီ၏ Jurassic World Rebirth ဇာတ်ကားရုံတင်ပြီး ပထမသီတင်း ပတ်ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၁၂ သန်းကျော်ထိ ရှိလာနိုင်ကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

အထက်ပါ ဝင်ငွေပမာဏအရ Jurassic World Rebirth ဇာတ်ကားသည် ယခုနှစ်အတွင်း ဒုတိယမြောက်ဝင်ငွေအများဆုံး ဇာတ်ကား ဖြစ်လာနိုင်ကြောင်း သိရသည်။

ၫင်းပြင် အဆိုပါ ဇာတ်ကား၏ နိုင်ငံတကာ စျေးကွက်ဝင်ငွေမှာ လည်း ဇူလိုင် ၅ ရက်တွင် အမေရိကန်ဒေါ်လာ ၁၇၁ သန်းထိ ရရှိထားရာ Me Tha-2 ဇာတ်ကား ပြီးလျှင် ယခုနှစ်၏ နိုင်ငံတကာ ဝင်ငွေ ဒုတိယအကောင်းဆုံး ဇာတ်ကားလည်း ဖြစ်လာနိုင်သည်။

ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီသည် Jurassic World Rebirth ဇာတ်ကားကို ဇူလိုင် ၂ ရက်တွင် အကြိုပွဲပြသ၍ ဇူလိုင် ၃ ရက်တွင် မြောက်အမေရိကနှင့် နိုင်ငံတကာ စျေးကွက်၌ စတင်ရုံတင်ခဲ့သည်။

ၫင်းဇာတ်ကား ရိုက်ကူးရေး အတွက် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်မှု စရိတ် အမေရိကန် ဒေါ်လာ သန်း ၁၈၀ သုံးစွဲခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

The Face of Horror ဇာတ်ကား၌ မင်းသား ဘင်ရက်ကလင် ပါဝင်လာ

နယူးယောက် ဇူလိုင် ၇

The Face Of Horror အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားသစ်တွင် Masters of Air မင်းသား ဘင်ရက်ကလင် ပါဝင်လာကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

The Face of Horror ဇာတ်ကားတွင် မင်းသား ဘင်ရက်ကလင်သည် မင်းသား ဂျိုနက်ဟာရာကင်း၊ မင်းသမီး ခရစ္စတင်းဖရောစက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Face of Horror ဇာတ်ကားသည် အဂ်လန် ၁၄ ရာစုခေတ်ကို နောက်ခံပြုရိုက်ကူးမည့် တစ္ဆေရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

The Face of Horror ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ အင်နာဘီလာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ယခုလအတွင်း စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

The Face of Horror ဇာတ်ကားသည် ဒါရိုက်တာ အင်နာဘီလာ၏ တတိယမြောက်ရုပ်ရှင် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

တေးသံရှင် စည်သူလွင်၊ ထရေစီတို့၏ ပထမဆုံးချစ်တဲ့သူ တေးဂီတဖျော်ဖြေပွဲကို The Heart of Rangoon –THOR Bar တွင် ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၇

တေးသံရှင် စည်သူလွင်၊ ထရေစီတို့၏ ပထမဆုံးချစ်တဲ့သူ တေးဂီတဖျော်ဖြေပွဲကို လာမည့် ဇူလိုင်လ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ The Heart of Rangoon –THOR Bar တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တေးသံရှင် စည်သူလွင်၊ ထရေစီတို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို နာမည်ကျော် တေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်သည့် Plus Three Music Band က အကောင်းဆုံး တီးခတ်ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ဂီတမှူး ဥက္ကာဦးသာ၏ လက်စွမ်းပြ ဂီတလက်ရာများကိုလည်း နားဆင်ရမည်ဖြစ်ကြောင်း သိရသည်။

" The Heart of Rangoon –THOR Bar မှာ ဇူလိုင်လ ၁၈ ရက်မှာ ဂီတမှူး ဥက္ကာဦးသာရဲ့ Plus Three Music Band နဲ့အတူ ဖျော်ဖြေတင်ဆက် သွားမှာဖြစ်ပါတယ်။ မထေရီစီဆိုတာ ကျွန်တော်တို့ စင်မြင့်ပေါ် စတက်ကတည်းက ဟာမိုနီ တစ်ခေတ်ထူထောင်နိုင်တဲ့ ခရီးသွားငါးယောက် အဆိုရှင်တွေထဲက တစ်ယောက်ပါ။ ဒီလိုအချိန်တွေကို အမြဲတမ်းပြန်လည် အမှတ်ရစေဖို့၊ အချစ်သီချင်းကောင်းတွေကို မိုးအေးအေးလေးနဲ့ နားဆင်ဖို့အတွက် လှမ်းခဲ့ကြပါ" ဟု တေးသံရှင် စည်သူလွင်က ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေမှုကို The Heart of Rangoon –THOR Bar တွင် ဇူလိုင်လ ၁၈ ရက် ညနေ ၇ နာရီ၌ စတင်သွားမည်ဟု သိရသည်။ ASH

တစ်ခုခုလာနေပြီ "Something is Coming!" အမည်ရှိ ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

ရန်ကုန် ဇူလိုင် ၇

A Twenty Three ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် တစ်ခုခုလာနေပြီ "Something is Coming!" ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားကို ဇူလိုင်လ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တစ်ခုခုလာနေပြီ "Something is Coming!" ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ အာကာစိုးဦးက ရေးသားထားကာ ၎င်းကပင် A Twenty Three ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က မြန်မာ့ရုပ်ရှင်လောကမှာ သမိုင်းမှတ်တိုင်သစ် တစ်ခုအနေနဲ့ ကိုယ့်ရဲ့ပထမဦးဆုံး ထူးခြားတဲ့ ဇာတ်လမ်းဇာတ်အိမ်ကို ပရိသတ်ကို ချပြချင်တာပါ။ ဒီဇာတ်ကားမှာ ဇွန်ဘီပုံစံ ထိတ်လန့်၊ ချောက်ချားစရာတွေလဲ ပါပါမယ်" ဟု ဒါရိုက်တာ အာကာစိုးဦး က ပြောပြသည်။

တစ်ခုခုလာနေပြီ "Something is Coming!" ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၈ ရက်မှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ရိုက်ကူးသွားမည်ဖြစ်ကာ သရုပ်ဆောင်များ အဖြစ် ကျော်ကျော်ဗို၊ ချာလီ၊ လီလီကျော်ခိုင်၊ လိမ္မော်သီး၊ ဒီး၊ မိုခမ်းတို့ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

Waso robes offering ceremony for 2025 of SAC and 2nd anniversary consecration of Maravijaya Buddha Image held

Senior General Min Aung Hlaing, Daw Kyu Kyu Hla and the congregation taking the Nine Precepts from the SSMNC Chairman Sayadaw.

Nay Pyi Taw July 7

The State Administration Council held a Waso robes offering ceremony for 2025 in conjunction with the consecration of Maravijaya Buddha Image to mark the second anniversary of the successful completion of the Buddha Image at the Agga Dipati Sasana Beikmandaw in the premises of Maravijaya Buddha Park here this morning. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony, paid homage to the Buddha Image and offered Waso robes and offertories.

Present to pay respects to 27 invited Sayadaws including Ovadacariya Sayadaws of Uppatasanti Pagoda Board of Trustees led by Chairman of the State Sangha Maha Nayaka Committee Patron of Thanlyin Minkyaung Pathamapyan Sarthintaik in Thanlyin, Yangon Region, Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candima Bhivamsa, and Secretary of SSMNC Patron of Masoeyein Taikthit, Mandalay, Sayadaw of Dhammathamiddhi Monastery Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kathika Bahujana Hitadhara Bhaddanta Vasethabhivamsa were the Senior General and wife, Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Secretary and wife, the Joint SAC Secretary and wife, SAC members and wives, union level dignitaries, union ministers and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief of Defence Services and wives, the Nay Pyi Taw Command commander and officials.

Before the ceremony, the Senior General paid homage and offered a meal in an emerald bowl, fruits, flowers, water and *See Page 13*

Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Waso robes and alms to the SSMNC Chairman Sayadaw.

Senior General Min Aung Hlaing and Daw Kyu Kyu Hla offer a day meal to Sayadaws.

Vice-Senior General Soe Win and Daw Than Than Nwe offer a day meal to Sayadaws.

Vice-Senior General Soe Win and Daw Than Than Nwe offer Waso robes and alms to the SSMNC Secretary Sayadaw.

A Sayadaw receives Waso robes and alms.

A Sayadaw receives Waso robes and alms.

From Page 12

oil lamps to Maravijaya Naungdawgyi Buddha Image in the Agga Dipati Sasana Beikmandaw.

Then, the ceremony was opened with a three-time recitation of Namotassa, and the congregation led by the Senior General took the Nine Precepts from the SSMNC Chairman Sayadaw. Sayadaws recited Parittas.

Next, the Senior General and wife offered Waso robes and alms to the SSMNC Chairman Sayadaw.

The Vice-Senior General and wife then offered Waso robes and alms to the SSMNC Secretary Sayadaw. The SAC Secretary and wife, the Joint SAC Secretary and wife, SAC members and wives, union level dignitaries offered Waso robes and alms to the remaining Sayadaws.

The congregation heard a sermon delivered by the SSMNC Secretary Sayadaw and the merits gained were shared. The ceremony then came to a close after a three-time recitation of Buddha Sasanam Ciram Tittatu.

After the ceremony, the Senior General and attendees offered day meal to the Sayadaws. 100

A Sayadaw receives

Waso robes and alms.

Death toll from Texas floods rises to 80, Trump denies link with his policy

Houston July 7

Up to 80 people have died while more than 40 people remain missing on Sunday, three days after hours of heavy rain led to major flash flooding in the south-central U.S. state of Texas, authorities said Sunday afternoon.

U.S. President Donald Trump said Sunday he is planning to visit Texas on Friday, hours after signing a major disaster declaration, unlocking key federal resources as search and rescue efforts continue.

Kerr County, the hardest hit among 20 affected counties in the region, alone accounts for at least 68 of the fatalities, including 21 children, Kerr County Sheriff Larry Leitha said Sunday.

Four other counties have reported a combined total of 12 deaths.

Leitha said 10 girls and one counselor from Camp Mystic were still unaccounted for as of Sunday afternoon, noting search and rescue efforts are still underway.

Texas Governor Greg Abbott said at a press conference Sunday afternoon that at least 41 people were still unaccounted for across the state's flood-impacted area.

He warned that additional heavy rainfall is expected in the coming days, keeping parts of the state at risk for further flooding.

The Federal Emergency Management Agency has opened seven shelters, which are also providing food and water for central Texas communities, said a CNN report. Xinhua

Houthis say launched missiles, drones on Israel in response to Yemeni port attack

Sanaa July 7

Yemen's Houthi group launched hypersonic ballistic missiles and drones on Israeli targets on Monday before dawn, four hours after Israeli warplanes and battleships struck three Red Sea ports and a power station on Sunday midnight.

Houthi military spokesperson Yahya Sarea said in a statement aired by Houthi-run al-Masirah TV that the group launched eleven missiles and drones, with missiles targeting Ben Gurion Airport, the Ashdod Port, a power station in Ashkelon, and eight drones targeting the Eilat Port.

Sarea claimed that "the missiles and drones successfully reached their targets, and that the interceptor systems failed to intercept them."

The Houthi spokesperson said the group is "fully prepared for a sustained and prolonged confrontation," reaffirming that its attacks against Israel would continue until the "war on Gaza stops and the blockade is lifted."

The Israeli Defense Forces (IDF) said that the Houthis launched two missiles toward Israel early Monday, triggering sirens in Jerusalem, the Judean Desert, the Dead Sea area, and several settlements in the occupied West Bank.

Israel's Magen David Adom emergency service reported no injuries. Xinhua

"Attempts were made to intercept the missiles, and the results of the interception are under review," said the Israeli military.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နိုင်ငံတကာစစ်မှူရေးရာအဖြာဖြာ

ဆွီဒင်က တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ် အောင်မြင်စွာ တီထွင်ဖန်တီးနိုင်ခဲ့

ဆွီဒင်တပ်မတော်သည် ဆွီဒင်ကာကွယ်ရေးပစ္စည်း စီမံခန့်ခွဲရေးအဖွဲ့(FMV)နှင့် အမျိုးသားကာကွယ်ရေးစက်မှုလုပ်ငန်းများနှင့်ပူးပေါင်းကာ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ် အောင်မြင်စွာ တီထွင် ဖန်တီးနိုင်ခဲ့ကြောင်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက် ဆွီဒင်နိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များကို ကိုးကား၍ Army Recognition သတင်းဌာနမှ ဇူလိုင် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလုပ်ဆောင်မှုသည် မောင်းသူမဲ့လေယာဉ်စနစ် ကြီးထွားလာမှုများနှင့် အတူ လျင်မြန်စွာပြောင်းလဲနေသော ခြိမ်းခြောက်မှုများကိုတုံ့ပြန်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆွီဒင်နိုင်ငံ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးသည် အမြန်နှုန်း၊ အလိုအလျောက် ကိုယ်ပိုင်လုပ်ဆောင်နိုင်မှုစနစ်နှင့် ရိုးရှင်းလွယ်ကူမှုတို့ကို အလေးပေးထားပြီး တပ်ဖွဲ့ဝင်များအနေဖြင့် ထိထိရောက်ရောက် အသုံးပြုနိုင်စေမည်ဖြစ်သည်။ ၎င်းသည် လက်ရှိတန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးနယ်ပယ်တွင် Active နှင့် Passive အာရုံခံကိရိယာ အမျိုးအစား အများအပြားကို အလိုအလျောက်လုပ်ဆောင်နိုင်မှု မြင့်မားကောင်းမွန်သော အမိန့်ပေးထိန်းချုပ်မှုစနစ်ဖြင့် ချိတ်ဆက်၍ ပေါင်းစပ်ထားခြင်းဖြစ်သည်။ ထိုသို့ပေါင်းစပ်မှုသည် အချိန်တိုအတွင်းလျင်မြန်စွာ တုံ့ပြန်တိုက်ခိုက်နိုင်စေကာ ဒရုန်းများကိုရှာဖွေထောက်လှမ်းခြင်းမှ တိုက်ခိုက်ဖျက်ဆီးသည်ထိ စက္ကန့်အနည်းငယ်အတွင်း တိုက်ပွဲဝင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်ကို တိုက်ရိုက်ပစ်ခတ်စဉ်ဖြင့် သရုပ်ပြစမ်းသပ်ခဲ့ရာ Mobile Platforms နှစ်မျိုးအသုံးပြုခဲ့သည်။ ပထမတစ်ခုအနေဖြင့် ၃၀ မမ လေယာဉ်ပစ်အမြောက်ပါရှိသည့် Saab ကုမ္ပဏီထုတ် Trackfire ARES အဝေးထိန်းလက်နက်ခန်း တပ်ဆင်ထားသော လေးဘီးတပ်သံချပ် ကာယာဉ်ဖြစ်သည်။ Trackfire ARES လက်နက်တပ်ဆင်ခန်းသည် လက်နက်မျိုးစုံ၊ အဆင့်မြင့် အာရုံခံကိရိယာမျိုးစုံပေါင်းစပ်၍ အဝေးမှ တည်ငြိမ်စွာထိန်းချုပ် တိုက်ပွဲဝင်နိုင်သည့် စနစ်ဖြစ်သည်။ အပူငွေ့ရှာ အာရုံခံကိရိယာ၊ CCD TV နှင့် လေဆာအကွာအဝေးရှာကိရိယာတို့ပါဝင် ဖွဲ့စည်းထားသည်။

မြန်နှုန်းမြင့် ပစ်မှတ်များကို ဖမ်းယူထောက်လှမ်း၍ တိကျစွာတိုက်ခိုက်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး စစ်မြေပြင် ပတ်ဝန်းကျင်များတွင်ပင် အလျင်နှုန်းမြင့်မားစွာဖြင့် အနိမ့်ပျံသန်းလာသော ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန် အထူးသင့်လျော်သည်။

ဒုတိယတစ်ခုမှာ Bofors 40 Mk4 အမြောက်နှင့် ပရိုဂရမ်ထည့်သွင်းနိုင်သော 3P ခဲယမ်းများပါရှိသော BAE Systems Tridon Mk2 ဆုံလည် တပ်ဆင်ထားသော ခြောက်ဘီးတပ် နည်းဗျူဟာမြောက် ထရပ်ကားဖြစ်သည်။

ဤစနစ်သည် အရွယ်အစား ပိုမိုကြီးမားသော သို့မဟုတ် လူပ်ရှားစစ်ကစားနိုင်မှုမြင့်မားသော ဒရုန်းအန္တရာယ်များကို တိုက်ခိုက်ဖျက်ဆီးရန် အကွာအဝေး စွမ်းဆောင်ရည်ထိရောက်ကောင်းမွန်စွာဖြင့် တိုက်ပွဲဝင်နိုင်မည့် ၄၀ မမ လေယာဉ်ပစ်ခဲယမ်းများ အသုံးပြုထားခြင်းဖြစ်ကြောင်း သိရသည်။

Exclusive: Swedish Army Tests Mobile Counter-Drone Vehicles Armed with 30mm and 40mm Cannons ကို ဘာသာပြန်ဆိုထားပါသည်။

ပြင်သစ်ရေတပ်က ဖရီးဂိတ်စစ်ရေယာဉ်ပေါ်မှ Fly-R တိုက်ခိုက်ရေးဒရုန်းကို အောင်မြင်စွာစမ်းသပ်ပျံသန်းနိုင်ခဲ့

ပြင်သစ်ရေတပ်သည် ဖရီးဂိတ်စစ်ရေယာဉ်ပေါ်မှ Fly-R Loitering Munition တိုက်ခိုက်ရေးဒရုန်းကို အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့ပြီး ရေတပ်ဒရုန်းစစ်ဆင်ရေးတွင် သိသာထင်ရှားသော သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း Army Recognition သတင်းဌာနမှ ဇူလိုင် ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြင်သစ်နိုင်ငံ Fly-R ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသော တောင်ပံပုံသေတပ်ဒရုန်းကို ပင်လယ်ပြင်တွင် လွှတ်တင်ပျံသန်းစေခဲ့ပြီး ဖရီးဂိတ်စစ်ရေယာဉ်မှ အချိန်နှင့် တစ်ပြေးညီ ထိန်းကျောင်းလုပ်ဆောင်ကာ တိုက်ရိုက်ပစ်ခတ်စမ်းသပ်မှုတစ်ရပ်အတွင်း သဏ္ဌာန်တူ ပင်လယ်ရေပြင် ပစ်မှတ်တုတစ်ခုကို အောင်မြင်စွာ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြောင်း သိရသည်။

ဤသရုပ်ပြစမ်းသပ်မှုသည် ရေတပ်စစ်ဆင်ရေးများတွင် အဝေးထိန်းလုပ်ဆောင်နိုင်သော (Loitering Munitions) တိုက်ခိုက်ရေးဒရုန်းများ၏ နည်းဗျူဟာမြောက်အရေးပါမှုအားအကဲဖြတ် ဆန်းစစ်ရန် ပြင်သစ်ရေတပ်မှ ဦးဆောင်လုပ်ဆောင်နေသည့် ဆန်းသစ်တီထွင်ရေးအစီအစဉ်များ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ ခေတ်သစ် ရေကြောင်းပဋိပက္ခများတွင် မောင်းသူမဲ့စနစ်သုံးယာဉ်များ အသုံးပြု တိုက်ပွဲဝင်လာခြင်းပိုမိုမြင့်မားလာသည်နှင့်အမျှ ဆန်းသစ်တီထွင်မှုသည် အဆင့်မြင့် အလိုအလျောက် တိုက်ပွဲဝင်နိုင်မှုနှင့် တစ်စိတ်တစ်ပိုင်း ကိုယ်တိုင်လုပ်ဆောင်နိုင်မှုစွမ်းရည်များမှတစ်ဆင့် ပေါ်ပေါ်လာသောခြိမ်းခြောက်မှုများကို တန်ပြန်နိုင်စွမ်းရှိသော ပြောင်းလွယ်ပြင်လွယ်ရှိစွာ၊ လျင်မြန်စွာ၊ ခံနိုင်ရည်မြင့်မားစွာ စွမ်းဆောင်နိုင်သည့် ရေကြောင်းစွမ်းအားများဆီသို့ မဟာဗျူဟာမြောက် ပြောင်းလဲကျင့်သုံးလာနိုင်မှုများကို မီးမောင်းထိုးပြနေခြင်းလည်း ဖြစ်သည်။ ထို့ပြင် ရေတပ်ရည်မှန်းချက်တာဝန်များ ထမ်းဆောင်ရာတွင် FLY-R ကုမ္ပဏီထုတ် တိုက်ခိုက်ရေးဒရုန်းနည်းပညာကို လိုက်လျောညီထွေဖြစ်စွာအသုံးပြုနိုင်မှုနှင့် ရေတပ်စစ်ရေယာဉ်စုများတွင် ဒရုန်းများဖြန့်ကြက်အသုံးပြုရန် ရည်မှန်းထားသည့် ပြင်သစ်ရေတပ်၏ ကြိုးပမ်းအားထုတ်မှု တစ်ရပ်ပင်ဖြစ်ကြောင်း သိရသည်။

FLY-R ကုမ္ပဏီသည် စွမ်းဆောင်ရည်မြင့် တောင်ပံပုံသေတပ် ဒရုန်းများနှင့် ရှုပ်ထွေးနက်နဲသော စစ်မြေပြင်အခြေအနေများနှင့်အညီ အံဝင်ခွင်ကျရှိစွာအဝေးထိန်းစနစ်ဖြင့် တိုက်ပွဲဝင်နိုင်မည့် မောင်းသူမဲ့လေယာဉ်များ၊ ဒရုန်းများကို တီထွင်ထုတ်လုပ်ရာတွင် အထူးပြုလုပ်ဆောင်နေသည့် ပြင်သစ်နိုင်ငံမှ လေကြောင်းနှင့် အာကာသကုမ္ပဏီ တစ်ခုဖြစ်သည်။ FLY-R ကုမ္ပဏီသည် လေခွင်းအားကောင်းမွန်အောင်ပြုလုပ်ထားသော တောင်ပံဖွဲ့စည်းပုံများတွင် အထူးကျွမ်းကျင်သည်။ လေထဲတွင် အချိန်ကြာမြင့်စွာ ပျံသန်းနိုင်သော၊ အုပ်ချုပ်ထောက်ပံ့မှု ဝန်ထုပ်ဝန်ပိုးမရှိစေဘဲ ကျစ်လျစ်ပေါ့ပါးစွာ တည်ဆောက်နိုင်မှု၊ ကြည်းတပ်၊ ရေတပ်နှစ်မျိုးစလုံး အသုံးပြုနိုင်သော မောင်းသူမဲ့လေယာဉ်စနစ်များကို တီထွင်ထုတ်လုပ်နေသည့် ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

ပြင်သစ်ရေတပ်အနေဖြင့် စစ်ရေယာဉ်များပေါ်တွင် တိုက်ခိုက်ရေးဒရုန်းကဲ့သို့ နည်းဗျူဟာမြောက်ဒရုန်းများကို ဖြန့်ကြက်ချထားရာတွင် ကင်းထောက်ခြင်း၊ ပစ်မှတ်များကိုတိကျစွာတိုက်ခိုက်ခြင်းနှင့် ပင်လယ်ရေကြောင်းကြိုတင်သတိပေးမှုများကို တပ်ဖွဲ့ဝင်များ စွန့်စားရမှုမရှိစေဘဲ တိုးမြှင့်ဆောင်ရွက်နိုင်စေရန်အတွက် စိတ်ပါဝင်စားလာခြင်းဖြစ်သည်။ သင်္ဘောပေါ်မှ လွှတ်တင်နိုင်သည့် ဒရုန်းများသည် အလိုအလျောက် ကိုယ်ပိုင်လုပ်ဆောင်နိုင်စွမ်းနှင့် တုံ့ပြန်နိုင်စွမ်း မြင့်မားကောင်းမွန်ပြီး ပင်လယ်ပြင် သို့မဟုတ် ကမ်းရိုးတန်းဒေသများတွင် ရွှေ့လျားပစ်မှတ်များကို လိုက်လျောညီထွေဖြစ်စွာ ခြေရာခံထိန်းကျောင်း၍ တိုက်ပွဲဝင်နိုင်စွမ်းရှိကြကြောင်း သိရသည်။

Exclusive: French Navy tests Fly-R loitering munition from frigate for enhanced combat role ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဇကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

စစ်ကိုင်း ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော နှမ်းဇကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၇၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ယခုနှစ်မေလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီးဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၁၁ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ နှမ်း ၄၄၇၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

ဗန္ဓုဖြူ၊မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးခြောက်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဗန္ဓုဖြူ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး ဗန္ဓုဖြူ၊မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးခြောက်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဗန္ဓုဖြူ၊မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြသည်။

ဗန္ဓုဖြူ၊မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလက ကွမ်းသီးခြောက်ပိသာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးခြောက် ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးခြောက် တစ်ပိသာလျှင် ငွေကျပ် ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အရောင်းအဝယ်ဖြစ်နေတဲ့ ကွမ်းသီးခြောက်တွေက နွေရာသီက သိုလှောင်ထားတဲ့ ကွမ်းသီးခြောက်တွေပါ။ ဇွန်လအတွင်းက ကွမ်းသီးခြောက် ပိသာချိန် ၇၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေး ကောင်းပါတယ်။ လက်ရှိလဲ ဒေသက ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဗန္ဓုဖြူ၊မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်စုခင်က ပြောပြသည်။

ဗန္ဓုဖြူ၊မြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းသီးများကို ဝယ်ယူပြီး အလုံးအတိုင်းနှင့်ခွဲစိတ်ပြီး ပုံစံနှစ်မျိုးပြုလုပ်၍ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေကြောင်း၊အဆိုပါ ကွမ်းသီးခြောက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကွမ်းသီးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ကုန်သည်များ၊ ကွမ်းသီးညှက်လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ဘားအံမြို့နယ် ရသဝေါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ဘားအံ ဇူလိုင် ၇

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ရသဝေါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာလီထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့သည်။

ရသဝေါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာတွင် အမှန်တကယ်နေထိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် ကျေးရွာသူ၊ ကျေးရွာသားများကို အတိုးနှုန်းသက်သာစွာဖြင့် ဦးစားပေး ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုသက်

မြို့သစ်မြို့နယ် ငွေးကုန်း(နေ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မြို့သစ် ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း(VDP)ဖြင့် ငွေးကုန်း(နေ)ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသူအောင်နှင့် တာဝန်ရှိသူများသည်ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် အတူ ငွေးကုန်း(နေ)ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် အရှည် ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေကျပ်သိန်း ၂၀၀ ဖြင့် ဌာန၏နည်းပညာပံ့ပိုးမှုနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးလက်နေ ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စများဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အထွေး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ရှေ့ဖုံးမှအဆက်

ဥပ္ပါတ သန္တိစေတီတော်ဂေါပကအဖွဲ့၏ဩဝါဒါ စရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်း နွယ်၊ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေးနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိမာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဓနီးဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဓနီးဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဓနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နှင့်လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဓနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ ၇၃ ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၇

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ ၇၃ ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး H. E. Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဧည့်ခံပွဲ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဒေါက်တာကံဇော်နှင့် သံအမတ်ကြီးတို့အနားကို ဖွင့်လှစ်ကြပြီး သံအမတ်ကြီးက ယင်းနောက် ပြည်ထောင်စုဝန်ကြီး သည် အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ ၇၃ ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြသည်။

ဆက်လက်၍ သံအမတ်ကြီးက ဧည့်ခံပွဲ တက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဧည့်ခံပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၈၄၇၊ ၀၉-၃၄၉၀၃၄၄၄၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၅၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စျ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၁၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၅၄၀၊ ၀၈၁-၂၁၂၄၉၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့် အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၇

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်း(ဂီတ၊ သဘင်၊ ပန်းချီ ပန်းပု၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု)များကို ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနတွင် ဇွန် ၃၀ ရက် (တနလင်္ဂနေ့)မှ ဇူလိုင် ၁၀ ရက် (ကြာသပတေးနေ့)ထိ ရုံးချိန်အတွင်း ရယူလျှောက်ထားနိုင်သည်။

ဇူလိုင် ၁၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် စွယ်တော်ဆောင်၌ ဝင်ခွင့်လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့)တွင် ဝင်ခွင့်အောင်မြင်သူများစာရင်း ထုတ်ပြန်မည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သင်တန်းရေးရာဌာနသို့ ရုံးချိန်အတွင်း ၀၉-၄၂၁၀၂၈၀၈၊ ၀၉-၇၈၈၁၈၉၁၈၀၊ ၀၉-၂၅၀၀၈၈၂၆၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ရာဇမဏ္ဍိုစူဌာကောင်းမှုတော်စေတီတော်၌ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်၌ အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၇

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိ သည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏ္ဍိုစူဌာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့တွင် ဘက်စုံပြန်လည်ပြုပြင်မွမ်းမံနေမှု အခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုအခြေအနေများ၊ နန်းဦးမြို့သစ်ရှိ ရွှေမုဌောစေတီ၏ထီးတော်အား ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် မြေသို့ပင့်ဆောင်နေမှုနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ ရွှေစေတီကျောင်းတိုက်နှင့် ကိုးတောင်ပြည့်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အအုံများကို စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ မဟာစည်းခုံကြီးစေတီတော်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနာ့ဗိမာန် ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချီးရည်များ ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ချင်းစုသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ကျောင်းဆောင်အဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများ၊ ပိုးတန်းရပ်ကွက်နှင့် မင်းလမ်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော လူနေအဆောက်အအုံအပြိုအပျက်များ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာဆုတောင်းရ (ဦးပေစိ)ဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံ အပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်နှင့် အမရဌာနီအနောက်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်နှင့် အမရဌာနီအနောက်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

(၅၀၁)

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း တံခွန်စိုက်ဖလားဆုရရှိသည့် ဇေယျာသီရိတပ်နယ် (ခ)အသင်းကို ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၇

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိ အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တပ်ကုန်းတပ်နယ်အသင်းနှင့် ဇေယျာသီရိတပ်နယ် (ခ)အသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဖလားဆုရရှိသော ဇေယျာသီရိတပ်နယ် (ခ)အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၂၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

ကြိုဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

ကြိုဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၇

ကြိုဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇူလိုင် ၂၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၇

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မန္တလေးမြို့ဝင်၊မြို့ထွက် စစ်ဆေးရေးဂိတ်များမှ တရားမဝင် စက်သုံးဆီနှင့် ကုန်စည်များ ဖြတ်သန်းသယ်ဆောင်မှုမရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး ဇူလိုင် ၇

မန္တလေး မြို့ဝင်၊ မြို့ထွက်စစ်ဆေးရေးဂိတ်များမှ တရားမဝင် စက်သုံးဆီနှင့် ကုန်စည်များ ဖြတ်သန်းသယ်ဆောင်မှုမရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မန္တလေးမြို့ဝင် စစ်ဆေးရေးဂိတ်ကြီးများဖြစ်သော အမရပူရမြို့နယ်ရှိ (ရန်-မန်းလမ်း)ပေါ်ရှိ မြစ်ငယ်စစ်ဆေးရေးဂိတ်နှင့် ဧရာဝတီတံတား(ရတနာပုံ) မြစ်ကူးတံတား(မန္တလေး)စစ်ဆေးရေးဂိတ်များအပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့ဝင်၊ မြို့ထွက်စစ်ဆေးရေးဂိတ်များမှ တရားမဝင် စက်သုံးဆီများနှင့် ကုန်စည်များ ဖြတ်သန်း သယ်ဆောင်မှုမရှိစေရေး စစ်ဆေးရေးဂိတ်များရှိ ပူးပေါင်းစစ်ဆေးအဖွဲ့များတွင် တာဝန်ရှိသူများအနေဖြင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာကာ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ဖြင့် ထိရောက်စွာ တားဆီးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ခရီးသွားပြည်သူများသွားလာမှု အခက်အခဲမဖြစ်ပေါ်စေရေး၊ ယာဉ်ကျောကျပ်တည်းမှုနှင့် ရှုပ်ထွေးမှုများမဖြစ်ပေါ်စေရေး စနစ်တကျကြပ်မတ်ကာ တရားမဝင်ကုန်သွယ်မှု တားဆီးရေးလုပ်ငန်းများတွင် ထိရောက်သည့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက တရားမဝင် စက်သုံးဆီနှင့် ကုန်စည်များ ဖြတ်သန်း သယ်ဆောင်မှုမရှိစေရေးနှင့် စပ်လျဉ်း၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ အကြံပြုဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့် အကြံပြုဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် ဇူလိုင် ၇

၆၃ကြိမ်မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော် စက်ပစ်ကွင်း၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အသင်းများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် မိုးပျံပူဖောင်းကို ပစ္စတိုသေနတ်ဖြင့်ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းကို ပစ္စတိုသေနတ်ဖြင့်ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု အမျိုးသားအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမျိုးသားအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြု အမျိုးသမီးနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမျိုးသမီးအသင်းတို့၏ ထိလဲပြားပစ်ခတ်စဉ် သရုပ်ပြပစ်ခတ်ခြင်းတို့ကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ တပ်တော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၈ သင်းဖြင့် ဇူလိုင် ၂၀ ရက်ထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ကျောက်မြောင်းကြီးရပ်ကွက် အောင်မင်္ဂလာလမ်းလေးလွှာ (ဘီ) အမှတ် (၁၁၀) တွင် ပါတီရုံးချုပ်(ယာယီ)တည်ရှိသော **ဇိုမီးအမျိုးသားပါတီ (Zomi National Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ဇူလိုင် ၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဇိုမီးအမျိုးသားပါတီ (Zomi National Party)၏ အလံပုံစံ

ဇိုမီးအမျိုးသားပါတီ (Zomi National Party)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"သစ္စာရှိ လက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေးနိုင်ငံမဲ့ NUG၊ CRPH နဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ၉-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဒလန်၊ သတင်းပေး၊ သူလျှို့စတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ် ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၃၃ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

☆ **ကျောဖုံးမှအဆက်**

ကီဗင်ရွှင်းတို့က တတိယဖြင့် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

Play-off တွင် ရှုံးနိမ့်ခဲ့ရသည့် ဂရီလိုက "နောက်ဆုံးအခြေအနေထိကို ကျွန်တော်လုပ်နိုင်သလောက် အကောင်းဆုံးလုပ်ဆောင်ခဲ့ပါတယ်။ စွမ်းဆောင်ရည်ပိုင်းကလည်း ကောင်းမွန်ခဲ့ပါတယ်။ အထူးသဖြင့် နောက်ဆုံးနေ့မှာ တော်တော်လေး ကောင်းအောင် ကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ကမ်းဘဝ်လ်က ကျွန်တော့် ထက်ပိုကောင်းအောင် ကစားသွားနိုင်ခဲ့တယ်" ဟု ပြောကြားခဲ့သည်။ ချန်ပီယံဆုရှင် ကမ်းဘဝ်လ်က "ကျွန်တော့်အတွက် ဒုတိယမြောက်ဆွတ်ခူးနိုင်ခဲ့တဲ့ John Deere Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုဖြစ်ပါတယ်။ ချန်ပီယံဆုဖလားကိုကိုင်မြှောက်ခွင့်ရဖို့အတွက် တော်တော်လေးကို ခက်ခက်ခဲခဲ ကစားခဲ့ရတယ်။ Play-off အဆင့်ထိ ကစားခဲ့ရတဲ့ထိ အကြိတ်အနယ်ရှိခဲ့တယ်။ ဒီလိုအခြေအနေမျိုးမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့သည်။

Ref : RT

Trs : AZL

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

မန္တလေးတိုင်းဒေသကြီးအတွင်း အသားငါးမွေးမြူထုတ်လုပ်မှုတိုးတက်ရေးနှင့် ကော်ဖီစိုက်ကေပြည့်မီရေး ဆွေးနွေးမှာကြား

နေပြည်တော် ဇူလိုင် ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇူလိုင် ၅ ရက်ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းကျေးရွာအုပ်စု နောင်ဝယ်ကျေးရွာရှိ မွေးမြူရေးတောင်သူဒေါ်အေးနွမ်းစံ၏ကောင်းမြန်မာနို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒေသခံ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ တိရစ္ဆာန်အစာပင်စိုက်ပျိုး ကျွေးမွေးမှု ကျယ်ပြန့်လာရေးအတွက် တောင်သူကိုယ်တိုင် မျိုးချုန်၊ မျိုးပွား စိုက်ပျိုးနိုင်သည့်သီးနှံမျိုးများကို မျိုးပွားဖြန့်ဖြူးပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး တိရစ္ဆာန်အထောက်အကူပြုဆေးဝါးများပေးအပ်၍ နို့စားနွားနှင့် ဒေသနွားများ မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၆ ရက်တွင် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးကျေးရွာရှိ ရွှေကောင်းကင် ကုမ္ပဏီလီမိတက်နှင့် ကြက်သားဖောက်လုပ်ငန်း၏ ဥစားကြက် မွေးမြူရေးခြံသို့ရောက်ရှိ၍ ဥစားကြက် မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်)သို့ရောက်ရှိပြီး ပြင်ဦးလွင်ခရိုင်၊မြို့နယ် ခြံတာဝန်ခံများ၊ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ခြံ၏ရေမြေသဘာဝနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းဖြင့် ပြင်ဦးလွင်မြို့၏ ဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထောက်အကူဖြစ်စေရန် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကော်ဖီစိုက်တောင်သူများ စိုက်ဧကပြည့်မီရေးကို အနီးကပ်ကြီးကြပ် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအားတွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်း အသားနှင့်ငါး မွေးမြူထုတ်လုပ်မှု အားကောင်းလာစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးနိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒေသနေပြည်သူများကို သင့်တင့်သောစျေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၂၉ ရက်မှ ဇူလိုင် ၆ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲတည်ပြု လူနာသစ် သုံးဦးတွေ့ရှိ

နေပြည်တော် ဇူလိုင် ၇

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက် ည ၈ နာရီမှ ဇူလိုင် ၆ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၈၃၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်သုံးဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၃၆ ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ဖြစ်ပွားမှု၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ရောဂါဆိုင်ရာအသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

တောင်ကြီးမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၇

ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ခြသေ့်လမ်းရှိ ဦးဒေါနစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများရောစပ်ထားသော Happy Water သုည ဒသမ ၄၅ ကီလို (တစ်ကီလိုလျှင် ဒွေကျပ်သိန်း ၁၁၀၀ နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅ သိန်း)နှင့် ကက်တမင်း ၁ ဒသမ ၁၇ ကီလို (တစ်ကီလိုလျှင် ဒွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇ သိန်း) တို့ကို ဖမ်းဆီးရမိသဖြင့် ဒေါန ၇၄ နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ညနေ ၅ နာရီခန့်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မင်္ဂလာတောင်ညွန့်မြို့နယ် စံပြရပ်ကွက် ဂျိုးဖြူလမ်းပေါ်တွင် ကျော်သက်ထံမှ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော Happy Water သုည ဒသမ ၄၅ ကီလို (တစ်ကီလိုလျှင် ဒွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇ ဒသမ ၅ သိန်း)နှင့် ကက်တမင်း တစ်ကီလို (တစ်ကီလိုလျှင် ဒွေကျပ်သိန်း ၅၀၀ နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၅၀၀) တို့ကို ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ည ၆ နာရီခန့်တွင် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပင်းယ(၁၃)လမ်းနေ ရန်နိုင်အောင်၏နေအိမ်အား ဆက်လက်သွားရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများရောစပ်ထားသော Happy Water သုည ဒသမ ၅၉ ကီလို (တစ်ကီလိုလျှင် ဒွေကျပ်သိန်း ၃၅၅ နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၅ သိန်း)၊ ကက်တမင်း သုည ဒသမ ၀၁၅ ကီလို (တစ်ကီလိုလျှင် ဒွေကျပ်သိန်း ၅၀၀ နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅ သိန်း)နှင့် အက်တက်စီဆေးပြား ၁၀ ပြား (တစ်ပြားလျှင် ၄၀၀၀၀ ကျပ်နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် လေးသိန်း) တို့ကို ထပ်မံဖမ်းဆီးရမိသဖြင့် ကျော်သက် ၃၄ နှစ်နှင့် ရန်နိုင်အောင် ၃၄ နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(၅၀၁)**

ထူးခြားသည့် နေ့အပူချိန်များ

(၇ - ၇ - ၂၀၂၅)

ချောက်	၃၅	ဒသမ	၁	ဒီဂရီဆဲလ်စီးယပ်
တံတားဦး	၃၃	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်
မြင်းခြံ	၃၃	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ကော့ကရိတ်	၃၃	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
မန္တလေး	၃၃	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ကျောက်ဆည်	၃၃	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ညောင်လေးပင်	၃၃	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ပခုက္ကူ	၃၃	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မြင်းမူ	၃၃	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မိုင်းယန်း	၃၃	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်

ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း

နေပြည်တော် ဇူလိုင် ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၉၈ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်

ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့်တာဝန်ရှိသူများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chen Wen Feng နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ Pol. Col. Chinakorn Atsawaphum နှင့်တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့သို့ ရောက်ရှိကြသည်။

၎င်းသုံးနိုင်ငံ ပူးပေါင်းအဖွဲ့သည် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့သို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာထိန်းသိမ်းထားရှိမှု အခြေအနေများ၊ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နှစ်နိုင်ငံမှကိုယ်စားလှယ်များသည် မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတား အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကာ မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud)များ ကင်းစင်ပပျောက်သည်ထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့်တရားမဝင် အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေး လိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသူတစ်ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- မယ်ထော်သလေး(KK Park)နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့သည့် တရုတ်နိုင်ငံသူတစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရုတ်နိုင်ငံသူအား သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၂ ဦးကို သက်ဆိုင်ရာ

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသူတစ်ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

အကြမ်းဖက်သမားများက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်နှင့် ယုဇနရပ်ကွက်အတွင်းရှိ နေအိမ်များကို အသံမိုင်းများဖြင့် ပစ်ခတ်တိုက်ခိုက်

မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဒေါ်ခွဲဘူ၏နေအိမ်ကို အသံမိုင်းဖြင့်ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်ပြတင်းတံခါးမှန်များ ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ ဦးတူးဂျာ၏နေအိမ်ကို အသံမိုင်းဖြင့်ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်ပြတင်းတံခါးမှန်များ ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇူလိုင် ၇

အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် CRPH ၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့်တရား ဥပဒေစိုးမိုးမှုကိုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ပြည်သူများ၏နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ခြင်း၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဒေါ်ခွဲဘူ၏ နေအိမ်ကိုလည်းကောင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ယုဇနရပ်ကွက်အတွင်းရှိ ဦးတူးဂျာ၏ နေအိမ်ကိုလည်းကောင်း အကြမ်းဖက်သမားများက အသံမိုင်းများဖြင့် လာရောက်ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်များရှိ ပြတင်းတံခါးမှန်များ အနည်းငယ်ပျက်စီးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ခဲ့သည့် အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ကျန်းမာရေးကိုထိခိုက်စေသော ကွမ်းစားခြင်း

ကျော်တင့်(ရွှေခရမ်း)

ကွမ်းစားသုံးခြင်းသည် ရှေးပဝေသဏီမြန်မာမင်းအဆက်ဆက်ကပင် စွဲမက်နှစ်ခြိုက်စွာစားခဲ့ကြသည့် မြန်မာ့ဓလေ့ထုံးစံတစ်ရပ်ဖြစ်ခဲ့သည်။ ဧည့်သည်လာလျှင် ဆေးလိပ်၊ လက်ဖက်၊ ကွမ်းစသည်တို့ဖြင့် တည်ခင်းဧည့်ခံလေ့ရှိသည်မှာ ရှေးရိုးဧည့်ဝတ်ကျေပွန်သည့် ဓလေ့တစ်ရပ်လည်းဖြစ်သည်။ မြန်မာတို့၏ ရိုးရာမိရိုးဖလာစားသုံးသည့်ကွမ်း(ကွမ်းရွက်ထဲတွင် ပုံမှန်ထည့်သည့်ထုံး၊ ကွမ်းသီးများ)သည် လူသားတို့၏ ကျန်းမာရေးကို ဆိုးရွားစွာမထိခိုက်စေသော်လည်း ယခုခေတ်တွင် ကွမ်းသီးများကို မှိုမတက်စေရန် ဖော်မလင်းစိမ်ထားသော ကွမ်းသီးများ၊ အခြားပစ္စည်းများ ထည့်သွင်းစားသုံးခြင်းကြောင့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာပြွန်းကင်ဆာ၊ မုန့်ချိုအိတ်ကင်ဆာနှင့် ခံတွင်းနှင့်ပတ်သက်သည့် အခြားရောဂါများဖြစ်ပွားစေနိုင်သည်။ ထို့ကြောင့် ကွမ်းစားခြင်းသည် ရှေးအစဉ်အဆက်ကပင် စားသုံးခဲ့ကြသည့် မြန်မာ့ဓလေ့ဖြစ်သော်လည်း ယခုခေတ် လူတို့စားသုံးနေသည့် ကွမ်းမှာ ကျန်းမာရေးဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်။

"တံတားဦးကကွမ်းနဝါ၊ ငါန်းမြာကဆေး၊ ကွမ်းသီးတောင်ဂူနဲ့ ကိုင်းထုံးဖြူ ပြည်ရှား၊ သာဝါးလို့ထွေး" ဆိုသည့်လင်္ကာအတိုင်း ရှေးမြန်မာတို့သည် အဆိုပါဒေသများမှထွက်ရှိသည့် လတ်ဆတ်သည့် ကွမ်းသီး၊ ကွမ်းရွက်တို့ကို စားသုံးခဲ့ကြသည်။ ကျေးလက်ဒေသများတွင် ကွမ်းကိုအလုပ်လုပ်ရင်းသော်လည်းကောင်း၊ အိမ်နေရင်းသော်လည်းကောင်း အမြဲတမ်းငုံထားလေ့ရှိသည်။ တောင်ပေါ်ဒေသများရှိ အသက်ကြီးပုဂ္ဂိုလ်များသည် ကွမ်းကိုပါးစောင်တွင် ငုံထားလေ့ရှိပြီးအတန်ကြာမှ ဝါးပြီးအဖတ်နှင့်အရည်ကို မျိုချလေ့ရှိကြသည်။

ကွမ်းစားသုံးခြင်းသည် မြန်မာနိုင်ငံတွင် သာမကနိုင်ငံတကာတွင်လည်း မိရိုးဖလာရှေးယခင်တည်းကစားသုံးကြသည်။ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ နီပေါလ်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ တောင်အာဖရိကနှင့် ပစိဖိတ်ကျွန်းစုနိုင်ငံများတွင် အဓိကစားသုံးကြသည်။ နိုင်ငံတကာတွင် ကွမ်းစားပုံအမျိုးမျိုးဖြင့်စားကြပြီး ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ နှပ်ဆေး၊ ဆေးရွက်၊ လေးညင်း၊ စမုန်စပါး၊ မုန်ညင်းနက်၊ ဖာလာ၊ အုန်းသီး၊ ဂုဏမန်၊ စွန်ပလွံသီးခြောက်၊ နှင်းဆီပွင့်ခြောက်၊ အခြားသဘာဝပန်းခြောက်တို့ကိုထည့်သွင်းစားသုံးကြသည်။ အမေရိကန်နိုင်ငံတွင် ကွမ်းရွက်၊ ကွမ်းသီးတင်သွင်းခွင့်မရှိသော်လည်း ရွှေပြောင်းနေထိုင်ကြသည့် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၏ စားသုံးမှုမှတစ်ဆင့် နယူးဂျာစီ၊ လောင်းအိုင်လင်း၊ ဖီလာဒဲလ်ဖီးယား၊ ကယ်လီဖိုးနီးယားနှင့် ချီကာဂိုပြည်နယ်တို့တွင် ကွမ်းစားသုံးမှုပျံ့နှံ့လာသည်ကိုတွေ့ရသည်။

ကွမ်းရွက်၊ ကွမ်းသီးတို့သည် ရေရှည်စွဲစားလျှင် ခံတွင်းကျန်းမာရေးထိခိုက်လာနိုင်သည်။ ကွမ်းယာ၏ ပါဝင်ပစ္စည်းများဖြစ်သည့် အသီး၊ အရွက်နှင့် ထိခိုက်စေသည်။ ကွမ်းစားသုံးသူများ၏ ပါးစပ်နှင့်သွားတို့သည် နီရဲကာသွားဖုံးနှင့်သွားများပျက်စီးခြင်း၊ သွားများမဲညစ်ခြင်းတို့ဖြစ်စေသည်။ ထို့ပြင် လမ်းမ၊ အဆောက်အအုံ၊ ဆေးရုံ၊ ကျောင်းအစရှိသည့်နေရာများတွင်လည်း မဆင်မခြင်ထွေးထားသည့် ကွမ်းတံတွေးများကြောင့် ပတ်ဝန်းကျင်အလှကိုပါ ထိခိုက်စေသည်။

အိမ်နီးချင်းနိုင်ငံများက ထုတ်လုပ်ရောင်းချသည့် အဆင်သင့်ကွမ်းစားနှပ်ဆေးအမျိုးမျိုးသည် မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံထုတ် ဘုရင်မ(Queen)၊ ၉၂ (92 Halchal)တို့ကို ကွမ်းယာဆိုင်အများစုတွင် သုံးစွဲလျက်ရှိသည်။ ကွမ်းယာတွင်သုံးသည့်ထုံးသည် မဖောက်ထုံးဖြစ်ပြီး ရေတွင်ကောင်းစွာပျော်ဝင်နိုင်ခြင်းမရှိသဖြင့် ကွမ်းယာဆိုင်များတွင် ထုံးအိုးအပြင် ဘက်တစ်ခုလုံး ထုံးများခဲနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထုံးကိုသီးသန့်ပါးစပ်ထဲထည့်ကြည့်ပါက အာခေါင်၊ လည်ချောင်း၊ အစာအိမ်နှင့် ပါးစပ်တို့ကို ပူလောင်စေပြီး အရေပြားကိုပေါက်ပြဲတတ်စေသည်။ ပါးစပ်အတွင်းပါးစောင်တွင် အချိန်ကြာမြင့်စွာ ငုံထားပါက ပါးစပ်အတွင်းရှိအသားမျှင်နှင့်သွားဖုံးတို့ ထိခိုက်လာမည်ဖြစ်သည်။ ထုံးနှင့်ကွမ်းစားဆေးတို့ ပေါင်းစပ်စားသောအခါ ပါးစပ်ခံတွင်း၊ လည်ချောင်းနှင့် အစာပြွန်တို့တွင် ကင်ဆာဖြစ်စေနိုင်သည်။ ကွမ်းသီးတွင်ပါဝင်သည့် အာရီကိုလင်းဓာတ်သည် ဗဟို အာရုံကြောစနစ်ကိုထိခိုက်စေပြီး မျက်စိသူငယ်အိမ်ကျဉ်းစေခြင်း၊ အဆုတ်ပြွန်တင်းကျပ်စေခြင်း၊ နှလုံးခုန်နှုန်းတိုးခြင်း၊ ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှုရောဂါဖြစ်စေနိုင်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ကလေးမွေးဖွားလာလျှင် ပေါင်ချိန်မပြည့်ခြင်း၊ အချိန်စောမွေးခြင်း၊ သွေးတိုးခြင်းနှင့် ဆီးချိုရောဂါတို့ကိုဖြစ်စေနိုင်သည်။ ကွမ်းစားဆေးများတွင် နီကိုတင်းပါရှိသဖြင့် စားသုံးမိလျှင် အသက်ရှူလမ်းကြောင်း၊ ပါးစပ်တစ်သျှူးနှင့်အရေပြားတို့ကတစ်ဆင့် နီကိုတင်းဓာတ်ကိုစုပ်ယူပြီး အသည်း၊ ကျောက်ကပ်၊ အဆုတ်တို့တွင် ဇီဝအပြောင်းအလဲဖြစ်ပေါ်နိုင်ပြီး ကွမ်းစားဆေး၊ နှပ်ဆေးကိုထည့်သွင်းစားသုံးမှုများပါက အဆုတ်တစ်သျှူးများပျက်စီးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကွမ်းစားသုံးသူများအနေဖြင့် ကွမ်းစားခြင်းသည် အစာစားချင်စိတ်နည်းပါးပြီး အဆာခံသည်၊ ခံတွင်းရှင်းသည်၊ စိတ်ရွှင်လန်းသည်၊ အိပ်ငိုက်ပြေသည်ဟူ၍ အကြောင်းအမျိုးမျိုးပြု၍ စားသုံးလျက်ရှိပြီး ကွမ်းသီး၊ ကွမ်းရွက်နှင့် ကွမ်းစားသုံးသူအရေအတွက် အလွန်များပြားသည်ကို တွေ့မြင်နေရသည်။ လက်ရှိနိုင်ငံအတွင်း ကွမ်းစားသုံးမှုအနေအထားအရ ကွမ်းစားခြင်းကို လုံးဝမစားပါနှင့်ဟု တားမြစ်ရန်လည်း ဖြစ်နိုင်ခြေအတော်နည်းပြီး မည်သို့မည်ပုံအသုံးပြုစားသုံးပါက ဆိုးကျိုးများလျော့ပါးသွားနိုင်ကြောင်း ပညာပေးခြင်းဖြင့် ရောဂါဖြစ်ပွားမှုကိုလျှော့ချနိုင်မည်ဖြစ်သည်။

ယနေ့ခေတ် ကွမ်းစားသုံးသည့် ပုံစံအရ ကွမ်းသီး၊ ထုံး၊ ဆေးရွက်ကြီး၊ နှပ်ဆေးအမျိုးမျိုးတို့ ထည့်သွင်းစားသုံးခြင်းကို ရှောင်ကြဉ်ရန်လိုပြီး ပိုးသတ်ဆေးကင်းသည့် ကွမ်းရွက်၊ လေးညင်း၊ စမုန်စပါး၊ နွယ်ချို၊ ဖာလာစေ့၊ နာနတ်ပွင့် စသည့် ပါဝင်ပစ္စည်းများကိုသာပြောင်းလဲထည့်သွင်းစားသုံးသင့်ပေသည်။ ကွမ်းစားချင်စိတ်လျော့ပါးစေရန် ကွမ်းစားလိုစိတ်ဖြစ်ပေါ်လာတိုင်း ကိုယ်လက်လေ့ကျင့်ခန်းဆောင်ရွက်ခြင်း၊ ပီကေစားခြင်း၊ အစေ့အဆန်စားခြင်း၊ အပြင်သို့လမ်းလျှောက်ထွက်ခြင်းတို့ကို အစားထိုးလုပ်ဆောင်ခြင်းဖြင့် ကွမ်းစားသုံးမှုကိုသတိပြုဆင်ခြင်ကြရန် အကြံပြုရေးသားလိုက်ရပါသည်။

ကိုးကား

– နေ့စဉ်ထုတ်သတင်းစာများ

– ဒေါက်တာသန်းထိုက်၏ ရိုးရာကွမ်းယာ ကောင်းဆိုးဆင်ခြင်သိပ္ပံအမြင်

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ရေဦး ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၅၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၃၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥသီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို အထွက်တိုးပြီး အရည်အသွေးကောင်းဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဝတ္ထုတိုကဏ္ဍ

တစ်ရာခြောက်ဆယ့်ရှစ်နာရီ

ချစ်သက်(မြန်မာစာ)

(၁)

နေရောင်ခြည်၏ အလင်းရောင်အောက်ဝယ် လူသားများ လှုပ်ရှားရုန်းကန်လျက်ရှိကြသည်။ ကျေးငှက်တို့၏အသံတို့သည် ဝန်းကျင်တစ်ခုလုံး အလှဆင်လျက်။ လိပ်ပြာကလေးများသည် လေထဲဝယ် လွတ်လပ်ပေ့ါပါးစွာပျံသန်းလျက်။ သူ့ပတ်ဝန်းကျင်၊ သူ့အလှ၊ သူ့အဆင်းတို့သည် အရာအားလုံးပနံသင့်လှသည်။ သက်ရှိအားလုံး မြူးထူးပျော်ပါးနေသော်လည်း စည်းစိမ်ဥစ္စာ၊ သားသမီးတို့ကို စွန့်ခွာသွားသူ ရဟန်းဒါယိကာမ ဒေါ်စောလှတစ်ယောက်မှာတော့ ရွှေထီးအောက်ဝယ် အပြုံးမပျက်အေးဆေးတည်ငြိမ်လျက်။

"အမေရယ် သမီးတို့ကို စိတ်ချလက်ချထားခဲ့ပြီလား။ အစ်မနဲ့မောင်လေးကိုတောင် မစောင့်ဘူး။ အမွေသားသမီးတွေကို ထကြည့်ပါအုံး။ အမေ့ကို ဝအောင်တောင် မပြုစုလိုက်ရဘူး။ ဟီး ဟီး ဟီး"

သမီးဖြစ်သူမကြည်ပြာသည် ချဲ့ချဲ့ပျစ်ပျစ်ငိုလိုက်၊ ပြောလိုက်။ ထို့နောက် ခင်ပွန်းဖြစ်သူက-

"လာပါ ကြည်ပြာရယ်၊ လာတဲ့ ဆွေမျိုးတွေကို ဧည့်ခံရအောင်။ ဒါမှမဟုတ်လဲ အိပ်ခန်းထဲ သွားနားနေ။ ယောက်ဖတို့လဲ ရောက်သေးတာမဟုတ်ဘူး။ လာ လာ နားရအောင်"

ခင်ပွန်းဖြစ်သူက ပြောလည်းပြော၊ ခေါ်လည်းခေါ်မှ မကြည်ပြာ ဒေါ်စောလှအနားမှ ခွာခဲ့လေသည်။

"ထွေးခင် ဧည့်သည်တွေကို ကွမ်း၊ ဆေး၊ ရေနွေးကြမ်း မလစ်ဟင်းအောင် ချပေးနော်"

"ဟုတ်ကဲ့ မမလေး"

"ဟဲ့ ထွေးခင်"

"ရှင် မမလေး"

"နင့်မေမေကြီးထားခဲ့တဲ့ လက်ဝတ်ရတနာတွေကော"

"ဗီရိုထဲမှာပါ။ အကုန်လုံးရှိပါတယ်"

မကြည်ပြာသည် ထွေးခင်ကို စကားပြောအပြီး ဗီရိုရှိရာကို ဦးတည်လိုက်သည်။

(၂)

"ဟဲ့ကြည်ပြာ အမေက ဘာဖြစ်လို့ဆုံးသွားတာလဲဟယ်။ ရုတ်တရက်ကြီး။ ငါ ယုံတောင်မယုံနိုင်ဘူး။ နင်နဲ့စိတ်ချလို့ထားမှ ဖြစ်ရတယ်လို့အေ"

"မကြီးပြောလဲ ခံရမှာပဲ။ ညက သားအမိနှစ်ယောက် စကားကောင်းကောင်းပြောပြီး အိပ်ရာဝင်လိုက်ကြတာပဲ။ မနက် အမေမထလို့ သွားကြည့်မှ ဟီး ဟီး အသက်မရှိတော့တာ"

"ဒါနဲ့ အငယ်ကောင် မရောက်သေးဘူးလား"

"လာနေပါပြီ မမကြီး၊ ရောက်တော့မယ်တဲ့"

"သက်ပျောက်ဆွမ်းကော ကပ်ပြီးပြီလား"

"ပြီးပါပြီ မမကြီး"

"အေး အေး အမေ့ဆန္ဒအတိုင်း ဘာဘာညာညာတွေလုပ်မနေနဲ့။ မောင်လေးရောက်ရင် မြေချဖို့လုပ်မယ်။ ကဲကဲ ကြည်ပြာ လုပ်စရာရှိတာလုပ်။ ငါ အမေ့ကို သွားကြည့်လိုက်အုံးမယ်"

ငွေခင်သည် အထုပ်အပိုးများကိုသိမ်းပြီး ဒေါ်စောလှရှိရာဆီသို့ ခြေဦးတည်လိုက်၏။ လည်ပင်းနှင့်လက်တွင် ဝတ်ထားသောရွှေများမှာ အရောင်ဖိတ်ဖိတ်တောက်လျက်ရှိသည်။ ငွေခင့်ကို ရွာသူ၊ ရွာသားများက ငေးကြည့်လျက်။

ညမိုးချုပ်သည့်တိုင်အောင် အငယ်ဆုံးသားမှာ ရောက်မလာသေးပေ။ ဒေါ်စောလှ၏အိမ်တွင် လူမပြတ်ပေ။ ရွာသားဆွေမျိုးများဖြင့် စည်ကားလှသည်။ စကားပြောသူက ပြော၊ ဖဲကစားသူက ကစားဖြင့် အသံများပေါင်းစုံလျက်။

"ဟဲ့ ဟဲ့ ဘာအနံ့ရသလဲ"

"အေးဟဲ့ အနံ့လေးက သင်းနေတာပဲ။ ဟဲ့ စံပယ်နံ့လား၊ နှင်းဆီနံ့လား။ မွှေးနေတာပဲတော်"

"မွှေးမှာပေ့ါဟဲ့။ ဒေါ်စောလှက ရဟန်းဒါယိကာမ၊ ကျောင်းဒါယိကာမပဲ။ ကျောင်းမှာသွားကြည့် သူ့ကမ္မည်းတွေချည်းပဲ။ လှူလိုက်တဲ့အလှူ။ စေတနာကကော ကောင်းချက်။ ဘယ်သူ ပိုက်ဆံချေးချေးမပေးဘဲနေလို့လားအေ။ သဘောကောင်းချက်။ ဒါကြောင့် နတ်၊ သိကြားတွေလာလို့ ရနံ့မွှေးမွှေးရတာပေ့ါအေ"

"ဟဲ့ မိတုတ် နင်ပြောတာဟုတ်ပါပြီ။ ငါလဲကြားဖူးတာရှိတယ်ဟဲ့။ သေတဲ့သူက အနံ့မွှေးရင် ကောင်းရာသုဂတိလားတယ်တဲ့။ ဒေါ်စောလှကတော့ ကောင်းတဲ့နေရာရောက်မှာပါဟယ်။ သူက ပစ္စည်းဥစ္စာတွေကို သံယောဇဉ်ပြတ်တဲ့သူဟ"

"ဟဲ့ ဟိုမှာ အငယ်ကောင်မဟုတ်လား။ သူတောင်ရောက်လာပြီပဲ"

(၃)

နေမင်းကြီးသည် အရှေ့ရပ်ဝန်းဆီမှ အတွယ်အတာမရှိ လွတ်လပ်ပေ့ါပါးစွာကောင်းကင်ထက်သို့ တဖြည်းဖြည်းတက်ရောက်သွားသည်။ ကျေးငှက်များသည်လည်း အပူအပင်မရှိ လွတ်လပ်စွာပျံသန်းလျက်ရှိသည်။ ဒေါ်စောလှ၏အိမ်တွင် ဆွေမျိုးမိတ်သင်္ဂဟများဖြင့် စည်ကားလှသည်။ ညကအဖြစ်အပျက်များသည် တစ်ရွာလုံးသာမက တစ်နယ်လုံး ကျော်ကြားသွားတော့သည်။

"ဟဲ့ မိတုတ် ညက ဒေါ်စောလှ မခြောက်ဘူးလားဟဲ့။ ငါတို့ ကြားရတဲ့သတင်းက တကယ်လားဟယ်။ ငါ့တစ်သက်နဲ့တစ်ကိုယ်မကြားဖူးပါဘူး။ တစ်ညလုံး အမွှေးနံ့တွေရတယ်ဆို ဟုတ်လား"

"ဒေါ်ကြေ့ရေ ဟုတ်လား၊ မဟုတ်လား ညကျလာအိပ်ကြည့်။ အဲဒါဆို သိလိမ့်မယ်။ ငါတို့အားလုံး ဒေါ်စောလှကို အတုယူရမယ်"

ရွာသူ၊ ရွာသားတို့၏ တစ်ယောက်တစ်ပေါက် ပြောစကားများသည် ဒေါ်စောလှ၏ သားသမီးများအဖို့ ဂုဏ်ယူရလောက်ပေသည်။ မိခင်ကြီး၏ ဂုဏ်သတင်းကြောင့် သားသမီးများအဖို့ ဂုဏ်တက်စေသည်မှာ ဒေါ်စောလှက သက်သေပြလျက်ရှိသည်။ မွန်းတည့် ၁၂ နာရီတွင် ဒေါ်စောလှကို ရွာ၏သုသာန်သို့ ပို့ဆောင်ကြသည်။ လူများလည်း ကြက်ပျံမကျ စည်ကားလှသည်။

"ဩော်... စောလှ စောလှ ညည်းက ငါတို့ရွာရဲ့ စံပြပါပဲဟာ။ အသေလဲကောင်း၊ အနေလဲကောင်းခဲ့တာ။ ဘဝကူးလဲ ကောင်းမှာပါ"

ဒေါ်စောလှနှင့် သက်တူရွယ်တူ မိတ်ဆွေအပေါင်းအသင်းတို့၏နှုတ်ဖျားဝယ် ထိုစကားသည် ရေပန်းစားလျက်ရှိပေသည်။

(၄)

"မကြီးနဲ့မောင်လေး ဘယ်တော့ပြန်ကြမှာလဲ။ လလည်ဆွမ်းကပ်ပြီးမှ ပြန်ပါလား"

"မဖြစ်ဘူးအငယ်မရေ၊ အိမ်မှာက ငါရှိမှဖြစ်တာ။ နေလို့တော့ မရဘူး။ အငယ်ကောင်ကော"

"ပြန်ရမယ် မကြီး၊ မောင်လေးလဲ အလုပ်တစ်ဖက်နဲ့ အားတာမဟုတ်ဘူး"

အကြီးမဖြစ်သူက အငယ်ကောင်ကို မျက်စောင်းတစ်ချက်ထိုးပြလိုက်သည်။

"မင်ယ် ဒါနဲ့စကားမစပ် အမွှေလက်ဝတ်ရတနာတွေကိုယူထားတယ်ဆို ထွေးခင်ကို မေးကြည့်ပြီးပြီ"

မကြည်ပြာသည် မျက်နှာတစ်ချက်ပျက်သွား၏။ ထို့နောက် ဣန္ဒြေမပျက် ချောင်းတစ်ချက်ဟပ်လိုက်ပြီး မျက်နှာကိုတည်လိုက်သည်။ ထို့နောက် စကားပြောရန် ဟန်ပြင်လိုက်၏။

"ဟုတ်တယ် အမွှေ့ပစ္စည်းတွေကိုသိမ်းထားတယ်"

"အဲဒါဆိုလဲ ခုရှုပ်မှနောက်ရှင်းဆိုသလို အမွှေ့ပစ္စည်းတွေ ခွဲဝေယူရအောင်။ ရွာကိုလဲ ခဏခဏ ပြန်မလာနိုင်ဘူး"

အကြီးမ၏ပြောစကားကို နားထောင်ပြီး-

"မကြီးပြောတာမှန်တယ်။ ရသင့်တာယူပြီး အမေရက်လည်ပြီးတာနဲ့ပြန်တော့မယ်။ အမွှေခွဲဖို့ အုပ်ချုပ်ရေးမှူးနဲ့ ဘကြီးတို့ကိုသွားခေါ် ထွေးခင်"

ထွေးခင်သည် သုတ်သီးသုတ်ပျာဖြင့် ရွာထဲသို့ ဆင်းသွားသည်။ ထိုသတင်းသည် တစ်ရွာလုံးပျံ့နှံ့သွားသည်။ ရွာသူ၊ ရွာသားအားလုံး ဒေါ်စောလှ၏ သားသမီးများ အမွှေခွဲယူခြင်းကို စိတ်ဝင်စားလျက်ရှိသည်။ အချို့မှာ မယောင်မလည်ဖြင့် ဒေါ်စောလှ၏ အိမ်သို့ ရောက်ရှိလာကြသည်။ ဒေါ်စောလှ၏ ရွှေများကို ချိန်ခွင်ဖြင့် ဆက်၍ယူကြသည်။ ထို့နောက် အိမ်၊ လယ်၊ နွားတို့ကို ခွဲဝေယူရာ၌ အဝေမတည့်ဖြစ်လာသည်။

"ဘကြီး ကျွန်မတော့ သဘောမတူဘူး။ အိမ်၊ လယ်ကိုလဲ မောင်နှမသုံးယောက် အတူတူမျှယူမယ်။ အခုတော့ လက်ရှိသူက အိမ်လဲယူ၊ လယ်လဲယူဆိုတော့ မတရားဘူးထင်တယ်။ မျှမျှတတ လုပ်ပါ ဘကြီး"

"ကဲ... အငယ်မ နင့်သဘောကကော"

"မပေးနိုင်ဘူး ဘကြီး။ အမေရှိစဉ်ကတည်းက ဒီအိမ်ကို ကျွန်မပေးပြီးသား။ စာချုပ်သာမရှိတာ ဒီအိမ်၊ လယ်တွေကို ကျွန်မယောက်ျားပဲ လုပ်နေတာ မပေးနိုင်ဘူး"

မကြည်ပြာ၏လေသံမှာ မာလာ၏။ ဒေါသသံ ပါလာ၏။

"မင်ယ် နင် အဲဒီလိုတော့မပြောနဲ့လေ။ ငါတို့လဲ သားသမီးတွေပဲ။ ငါတို့လဲ ရသင့်တာပေ့ါ။ နင့် အကြောင်းမသိခက်မယ်။ အမေတောင် မြေမကျသေးဘူး။ နင်ဘာလုပ်နေလဲ ငါသိတယ်နော်။ မပြောချင်လို့ ကြည့်နေတာ။ အမွှေလက်ဝတ်ရတနာတွေတောင် ကံကောင်းလို့"

"နင် ဘာစကားပြောတာလဲ အငယ်ကောင်။ ငါ့အမေပစ္စည်း ငါသိမ်းတာမှားလား။ တကယ်ဆို မိဘပစ္စည်းဆိုတာ လက်ရှိနေတဲ့ သားသမီးကပိုင်တာ။ ဘယ်သူ့ကိုမေးကြည့်ကြည့်။ နင်တို့က အဝေးမှာ လူဝါးဝလို့။ နင်တို့ကို အိမ်ကော၊ လယ်ကော ခွဲမပေးနိုင်ဘူး။ ကြိုက်တဲ့နေရာကရင်း ဒါပဲ"

မကြည်ပြာသည် ပြောပြောဆိုဆို နေရာကထ၍ ထွက်သွားသည်။ ထို့နောက် အကြီးမက အသံကျယ်ကျယ်ဖြင့် လှမ်း၍အော်ပြောလိုက်သည်။

"ရှင်းမယ်ဟေ့ ရှင်းမယ်၊ ရုံးတက်ရှင်းမယ်။ ရုံးမှာတွေ့မယ်ဟေ့ ကြည်ပြာ"

"အေး နင်တို့မှာလဲ သွားလေသူရဲ့မျက်နှာကို မထောက် ဆန္ဒရှိတဲ့အတိုင်းလုပ်နေကြတာပဲ။ အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်မယ်"

ဘကြီးဖြစ်သူ၏ ပြောစကားများကို မည်သူမျှ နားမထောင်ခဲ့ပေ။

(၅)

ညသည် တဖြည်းဖြည်းညဉ့်နက်လာ၏။ ခွေးဟောင်သံများကို တစ်ချက်တစ်ချက်ကြားရသည်။ ဒေါ်စောလှ၏အိမ်မှာ မီးရောင်များဖြင့် ထိန်ထိန်လင်းလျက်။ မောင်နှမသုံးယောက်စလုံး ကြိုးစား၍အိပ်သော်လည်း အိပ်၍မပျော်ကြ။ ဖဝိုင်းမှ စကားသံများသည် ညအမှောင်ကို လွှမ်းမိုးလျက်ရှိတော့သည်။

"အမေ သမီးတို့ဆီပြန်လာတာလား။ ပျော်လိုက်တာ အမေရယ်၊ အမွှေကို သတိရတာပဲ"

မကြည်ပြာသည် ပြောပြောဆိုဆို မိခင်ဒေါ်စောလှကို ပြေး၍ဖက်လိုက်၏။ အကြီးမနှင့် အငယ်ကောင်သည် ထိုင်ရာမှမထတဲ့ ဒေါ်စောလှကို ကြောင်တောင်တောင် ငေးကြည့်နေသည်။

"အမေ ထိုင်နော်"

စာမျက်နှာ ၂၅ သို့ ➤

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကျားကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ငပုတော ဧပြီလ ၇

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကျားကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငြေးဝင်းက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကျားကဏန်း ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကျားကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ထဲကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း ကျားကဏန်းပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေက လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်အပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ ကျားကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငြေးဝင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်းတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၃၃၅၀၀ ထိ အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါကျားကဏန်းများ တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများအဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၂၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကျွန်းလှ ဧပြီလ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၂၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၄၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၂၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲစင်းငုံဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲစိုက်ပျိုးကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့အတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရှိကာ လူမှုစီးပွားဘဝမြင့်မားလာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

➢ **စာမျက်နှာ ၂၄ မှအဆက်**

ဒေါ်စောလှသည် မကြည်ပြာထိုင်ခိုင်းသောနေရာတွင် ထိုင်လိုက်၏။

"အမေ ငိုနေတယ်။ အမေရယ် မငိုပါနဲ့။ ဘာလို့ငိုနေတာလဲ အမေရယ်။ အမေနေရတာ အဆင်မပြေလို့လား"

ဒေါ်စောလှ၏မျက်ဝန်းမှမျက်ရည်တို့သည် ပါးပြင်ကိုဖြတ်သန်းကာ ကြမ်းပြင်ပေါ်သို့ ကျဆင်းလာသည်။ ထို့နောက် ဒေါ်စောလှသည် ကျလာသောမျက်ရည်များကိုမသုတ်ဘဲ စကားပြောဟန်ပြင်လိုက်သည်။

"အမေ့ရင်တွေ နာလိုက်တာ သမီးနဲ့သားတို့ရယ်။ နေ့လယ်ကကိစ္စကို အမေ ကြားလဲကြားတယ်၊ မြင်လဲမြင်တယ်။ ဘာလို့ အတ္တ၊ လောဘတွေကြီးနေတာလဲ။ အမေ သမီးတို့၊ သားတို့ကို ပေးသင့်တာ ပေးပြီးပြီ မဟုတ်လား။ နင်တို့က မောင်နှမတွေလေ တစ်ယောက်နဲ့ တစ်ယောက် ဖေးဖေးမမနေကြလေ"

မိခင်ဒေါ်စောလှ၏ပြောစကားအောက်ဝယ် သားသမီးသုံးယောက် ငြိမ်လျက်နားထောင်နေ၏။

"အကြီးမနဲ့ အငယ်ကောင် နင်တို့ လျှောပေးလို့မရဘူးလား။ ဒီအိမ်နဲ့ လယ်ကို နင်တို့လာနေပြီးလုပ်မလို့လား။ အလတ်မကကော အမေ့ရတနာတွေကိုအညီအမျှခွဲယူကြလေ။ အခုတော့ ရုံးကိုတက်ပြီး အမွေခွဲမယ်ဆိုတော့ လူကြားလို့မှကောင်းသေးရဲ့လား သမီးတို့၊ သားတို့ရယ်။ နင်တို့တွေ ချစ်ချစ်ခင်ခင်မနေကြဘူး။ ပစ္စည်းဥစ္စာအတွက်နဲ့ မောင်နှမ သံယောဇဉ်ကို ဖြတ်ကြမလို့လား။ ဟီး ဟီး"

"အမေ အမေ အမေ"

မောင်နှမသုံးယောက်စလုံးအိပ်ရာမှအသီးသီးလန့်နိုးကြတော့သည်။

(၆)

ညကအဖြစ်အပျက်ကြောင့် တစ်ရွာလုံးအံ့အားသင့်သွားကြသည်။ ဒေါ်စောလှ၏ရက်လည်ဆွမ်းအတွက် ရွာသူ၊ ရွာသားများ တရားနာကြားရန် ရောက်ရှိလာကြသည်။

"ဟဲ့ ညကသတင်း ကြားပြီးပြီလား"

"ဘာတုံးဟ"

"ညက ဒေါ်စောလှတို့အိမ်မှာ အမွေးနံ့တွေပျောက်ပြီး အပုပ်နံ့တွေ ရလို့တဲ့။ ဖဲကစားတဲ့သူတွေတောင် မနေနိုင်ကြလို့ပြန်ပြေးကြတယ်ဆိုပဲ"

"ဟယ်တော် ထူးဆန်းလှချည်လား။ ဒေါ်စောလှတော့ တစ်ခုခုဖြစ်နေတာလားမသိဘူး။ သူက ပစ္စည်းဥစ္စာတွေကို သံယောဇဉ်ပြတ်ပါတယ်။ သားသမီးတွေကို သံယောဇဉ်မပြတ်လို့လားဟယ်"

"သားသမီးတွေကလဲ အမွေကို ရုံးတက်ပြီး ခွဲမယ်တဲ့တော်။ သူ့အမေ ရက်လည်ပြီး နောက်နေ့ဆိုလားပဲ။ အခုတောင်ကြည့်လေ အတူတူမထိုင်ကြဘူး"

ဆရာတော်ဦးသောဘိတသည် တရားပေးရန် မိုက်ကိုစမ်းလိုက်၏။

ဆရာတော်ဦးသောဘိတ၏ တရားသံအောက်ဝယ် တရားနာပရိသတ်တို့ ငြိမ်သက်လျက်ရှိကြသည်။ ဆရာတော်ဦးသောဘိတသည် အမျှဝေခါနီး ချောင်းဟန့်လိုက်သည်။ ထို့နောက် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

"ရဟန်းအမကြီးဒေါ်စောလှ သားသမီးတွေနဲ့ ဘဝခြားသွားပြီမို့ သံယောဇဉ်တွေကိုဖြတ်ပါ။ နောက်ဆံမတင်းဘဲ ကိုယ်သွားရမဲ့ဘုံဌာနကို လွတ်လွတ်လပ်လပ်သွားပါ ဒကာမကြီး။ ဒီနေ့ဟာ ဒကာမကြီးနေရမဲ့ တစ်ရာခြောက်ဆယ့်ရှစ်နာရီပြည့်တဲ့နေ့ပါ။ ဒါကြောင့် အခုအမျှဝေမှာကို သာဓုခေါ်ပါ။ ကဲ... အားလုံးရေစက်ချမယ်။ လွန်ခဲ့သော ခုနစ်ရက်ခန့်က ဘဝတစ်ပါးသို့ကူးပြောင်းသွားသော ဒကာမကြီးဒေါ်စောလှနဲ့ သတ္တဝါအားလုံး သာဓုအနုမောဒနာခေါ်ဆိုနိုင်ပြီး ကောင်းရာဘုံဘဝရောက်ကြပါစေ"

"ဒကာမကြီးဒေါ်စောလှနဲ့တကွ မကျွတ်မလွတ်သောသတ္တဝါ အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့ သာဓု သာဓု သာဓု"

ရေစက်ချအမျှဝေပြီးသည့်အဆုံး ပတ်ဝန်းကျင်တစ်ခုလုံး အမွှေးရနံ့များက ဖုံးလွှမ်းသွားပါတော့သည်။

ဝါဆိုမိုးဖျန်း စိမ်းလန်းသာယာ ပြည်မြန်မာ

- ရာသီခေါ်လတ် ကရကဋ္ဌ
  ထူးမြတ်ခါကို ရွှေမိုးညို
  ဝါဆိုဦးစ လှုဒါန
  မြန်မာ့စဉ်လာ မင်္ဂလာ
  သာတယ်လေလေ့ သာတယ်လေ့။

- ပုန်းညက်မာလာ ရနံ့ဖြာ
  ထိုခါခြိမ့်သဲ ကောက်စိုက်ခွဲ
  မိုးထဲမှာပင် ထွန်ရေးငင်
  ပျိုးပင်စိမ်းမြ ယိမ်းနွဲ့က
  လှတယ်လေလေ့ လှတယ်လေ့။

- ကွင်းပြင်သာမော လယ်ယာတော
  သောသောငယ်နှင် လုပ်ငန်းခွင်
  ဝန်းကျင်ပတ်ကုန်း ရှုမဆုံး
  ခြယ်မှုန်းကာစီ မိုးပန်းချီ
  ပီတယ်လေလေ့ ပီတယ်လေ့။

- ဝါဆိုဦးတွင် စိတ်ဖြူစင်
  ကုသိုလ်ဆင်သ မြတ်ဒါန
  မွေးမြထုံကြူ ပုန်းညက်ဖြူ
  တူညီလှုဒါန်း ဝါဆိုပန်း
  လန်းတယ်လေလေ့ လန်းတယ်လေ့။

- ဝါဆိုမိုးဖျန်း ပြည်ငြိမ်းချမ်း
  စိမ်းလန်းဝေဆာ ပြည်သာယာ
  လယ်ယာချောင်းကန် ရေဝင်မှန်
  နိုင်ငံစီးပွား လယ်သမား
  ကြွားဖွယ်လေလေ့ ကြွားဖွယ်လေ့။ ။

မောင်လေပြေ(တောင်တွင်း)

မိုင်းယန်းမြို့နယ် ပန်ဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းယန်း ဧပြီလ ၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်ဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့်တာဝန်ရှိသူများက ပန်ဆောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး မိသားစုဝင်ငွေများတိုးပွားလာစေရေး ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပန်ဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒဿမအကြိမ်အဖြစ် ပန်ဆောင်ကျေးရွာရှိ အသင်းသား၊ အသင်းသူ ၁၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၆၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချိုသန်းညွန့်**

မြန်မာ့ရေမြေနဲ့ ဒီမိုကရေစီသစ်ပင်

ဗညားကျန်းထော

ရည်မှန်းချက်ပန်းတိုင်တစ်ခု အောင်မြင်မှု အတွက်ဆိုရင် အောက်ပါအချက်တွေရှိမှ အောင်မြင်ပြီးမြောက်ခြင်းကို ရောက်နိုင်တယ်-

၁။ အကြိတ်အနယ်ကြိုးပမ်းမှု (Hard work)

၂။ စွန့်လွှတ်မှု၊ အနစ်နာခံမှု (Sacrifice)

၃။ စိတ်ရှည်သည်းခံခြင်း (Patience)

၄။ ရှေ့နောက်ညီညွတ်ခြင်း (Consistency)

၅။ စည်းကမ်းလိုက်နာမှု (Discipline)

၆။ မိမိကိုယ်ကိုယုံကြည်မှု (Self-confidence)

၇။ အပြုသဘောအမြင်ရှိခြင်း(Positive Attitude)

၈။ ပန်းတိုင်ကိုအာရုံစိုက်ပါ (Focus the Goal)

(အခက်အခဲကိုအာရုံမထားရ)

ဒင်နဇယ်ဝါရှင်တန်

(Denzel Washington)

အမေရိကန်ဟောလိဝုဒ်ရုပ်ရှင်မင်းသား

နိဒါန်း

ဘာအကြောင်းပြောမှာလဲဆိုရင် မြန်မာ့ရေခံမြေခံအကြောင်းတင်ပြမယ်။ ဒီမိုကရေစီနိုင်ငံရေးစနစ်အကြောင်းဖော်ပြမယ်။ ဒီမိုကရေစီသစ်ပင်ဟာ မြန်မာ့ရေမြေနဲ့ကိုက်ညီရဲ့လားဆိုတာ လေ့လာကြည့်ကြမယ်။ ဖြစ်နိုင်လောက်တဲ့ အခြေအနေ ရေခံမြေခံကောရှိပါရဲ့လားဆိုတာ စိစစ်သုံးသပ်ကြပါမယ်။

နိုင်ငံရေးကိစ္စပြောမှာဆိုတော့ နိုင်ငံရေးနဲ့ ပတ်သက်လို့ ဘာတွေ၊ ဘယ်မှာ၊ ဘယ်လောက်များတတ် မြောက်ကျွမ်းကျင်ခဲ့လို့လဲလို့ မေးချင်ရင်မေးပါ။ သာမန်ပြည်သူတစ်ယောက်ရဲ့ ရေချိန်လောက်မျှသာ သိပါတယ်။ နားလည်ပါတယ်။ လူတော်လူတတ် တစ်ယောက်တော့ မဟုတ်ပါ။

တော်လည်းမတော်၊တတ်လည်းမတတ်ဘဲနဲ့များ ဒီအကြောင်းအရာကို ဘာကြောင့်ပြောချင် ရေးချင်ရတာလဲဆိုရင်တော့ လူဆိုတာက ကိုယ့်သမိုင်းကို ကိုယ်ရေးကြတာကိုး။ မိမိကိုယ်ကို အသုံးကျတဲ့လူ အဖြစ်၊တန်ဖိုးရှိတဲ့လူအဖြစ်တော့ ရေးခဲ့ချင်လို့ပါလေ။

"လူတစ်ယောက်ရဲ့တန်ဖိုးကို ခေတ်သမိုင်းက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းပေးတာဝန်ကို သူဘယ်လောက်ကျေပွန်အောင် တာဝန်ထမ်းဆောင်သလဲဆိုတာနဲ့ပဲ တိုင်းတာရမှာဖြစ်ပါတယ်"လို့ စာရေးဆရာဗန်းမော်တင်အောင် (၁၉၂၀-၁၉၇၈)က ရေးခဲ့ဖူးတာကိုး။ ဒီအကြောင်းကို မိမိရေးသားတင်ပြရမှာ သမိုင်းပေးတာဝန် ကျေပွန်မယ်လို့ ခံယူထားတဲ့ အတွက် ရေးခြင်းပါပဲ။

စာမူခရလို့၊ နာမည်ကြီးချင်လို့၊ နေရာရချင်လို့ စသဖြင့် ဘာရည်ရွယ်ချက်မှမရှိပါဘူး။ နိုင်ငံရေးလုပ်စားမယ့် နိုင်ငံရေးသမားလည်းမဟုတ်ပါဘူး။ ပါတီနိုင်ငံရေးသမားများကို လေးစားပါတယ်။ စာရေးသူက ပါတီနိုင်ငံရေးသမားမဟုတ်ပါ။ သာမန်ပြည်သူထဲက ပြည်သူတစ်ယောက်က မိမိတို့ ပြည်သူချင်းဆွေးနွေးတင်ပြခြင်းသဘောပါပဲခင်ဗျာ။

ဒီမိုကရေစီဆိုတာ

ဒီမိုကရေစီဆိုတာ ဒီမိုဆိုတာ ပြည်သူလူထု၊ ကရားစီးယားဆိုတာ အာဏာပိုင်စိုးမှု၊ အုပ်ချုပ်ခြင်းတဲ့။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ လောက်က ခေါမခေတ်ပညာရှိများ ဆွေးနွေးပြောကြားခဲ့ကြတဲ့ စကားလုံးပဲ။ ဒီမိုကရေစီစနစ်ဆိုတာ စိတ်ကူးထဲမှာ၊ ပညာရှိတွေပြောဆိုဆွေးနွေးခဲ့ကြတာ ရှေးရှေးကာလ ခရစ်တော်မပေါ်မီ အနှစ် ၅၀၀ ကာလကတည်းက ဆိုတော့ တော်တော်အိုမင်းဟောင်းနွမ်းခဲ့ပြီဖြစ်တဲ့ စနစ်ပေါ့နော်။ သို့သော် Old is Gold ဆိုသလိုကြာလေကောင်းလေ၊ ဟောင်းလေသစ်လေဆိုတဲ့ စနစ်တစ်ခုအနေနဲ့ ယခုလိုတတိယထောင်စုနှစ် ခေတ်သစ်ထဲမှာပင် ပြောကြဆိုကြ၊ တန်ဖိုးထားကျင့်သုံးကြတာပဲ။ စကားလုံးအနေနဲ့ ပြည်သူလူထုက အုပ်ချုပ်မှုဆိုတာတော့ ဟုတ်ပါပြီ။ အခြားစနစ်တွေ ကောရှိလို့လား။ ရှိတာပေါ့။ မှိုလိုပေါက်အောင်များပါတယ်။ ကျေးပိုင်ကျွန်ပိုင်စနစ်၊ မြေရှင်ပဒေသရာဇီစနစ်၊ ဘုရင်ခေတ်၊ အရင်းရှင်စနစ်၊ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အာဏာရှင်စနစ်၊ အကြမ်းဖက်စနစ်၊ ဖက်ဆစ်ဝါဒ၊ နာဇီဝါဒ စသဖြင့် ထားလိုက်ပါတော့။

ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရသဘောက အခြေခံသုံးချက်ပါဝင်တယ်။ "A Democracy: Of all the people, by all the people, for all the people" ပြည်သူတွေအတွက်၊ ပြည်သူတွေပါဝင်တဲ့၊ ပြည်သူတွေကပဲ အုပ်ချုပ်တဲ့နိုင်ငံရေးစနစ်ကို ဒီမိုကရေစီခေါ်တယ်။

ပြည်သူတွေအတွက်မဟုတ်ရင်
ပြည်သူတွေမပါဝင်ရင်

❖ပြည်သူ့ကိုယ်စား တိုင်းပြည်ကို စီမံအုပ်ချုပ်ရမယ့်လူတွေ သိထား၊ ကျင့်ထား၊ ကျင့်သုံးသွားကြရမှာပဲ မဟုတ်ဘူးလား။ မြန်မာပြည်ရဲ့ ရေခံမြေခံဟာ သမိုင်းအစဉ်အလာ ယဉ်ကျေးမှု အဆင့်မြင့်ခဲ့တာမို့ ရှေးကျလှတဲ့ဒီမိုကရေစီ (Demos+Cracia) ပြည်သူ့ကိုယ်စား ပြည်သူတွေတင်မြှောက်သူတို့က ပြည်သူ့အကျိုးအတွက် ဆောင်ရွက်တဲ့စနစ်နဲ့ အင်မတန်ဆီလျော်သင့်မြတ်ပေတယ် မဟုတ်လား။ အနီးအဝေးက အသံသေးအသံကြောင်တွေနဲ့ နည်းမျိုးစုံ ဟန့်တားဖျက်ဆီးနှောက်ယှက်နေကြတဲ့အရာတွေကို သတိထားကြစေလိုပါတယ်။ ❖

ပြည်သူတွေက စီမံအုပ်ချုပ်တာမဟုတ်ရင် အခြေခံအနှစ်သာရသဘော ဒီမိုကရေစီဆိုတဲ့ အာဏာသည် ပြည်သူလူထုထံမှ စတင်တယ်။ ပြည်သူ့အကျိုးအတွက် ပြည်သူ(ရွေးချယ်တဲ့ ကိုယ်စားလှယ်) ပြည်သူတွေ တင်မြှောက်ခဲ့သူတွေနဲ့ အုပ်ချုပ်တာမျိုးဖြစ်ရမယ်။ ဗြိတိန်နဲ့အမေရိကန် တူချင်မှတူမယ်။ ပြင်သစ်နဲ့ဂျာမနီတူချင်မှတူမယ်။ ဂျပန်နဲ့တောင်ကိုရီးယား ရွေးကောက်ပွဲချင်း၊ အစိုးရဖွဲ့ပုံချင်း၊ အာဏာသုံးရပ်ခွဲဝေကြပုံချင်း တူတာလည်းရှိမယ်။ ကွဲလွဲတာလည်းရှိမယ်။ အခုထိ တင်ပြခဲ့သမျှကတော့ လူတိုင်းလူတိုင်းက သိကိုသိထားရမယ့် အခြေခံအကျဆုံး သဘောမျှသာဖြစ်ပါတယ်။ အာဏာဆိုတာ ၃ ရပ် ရှိပါတယ်-

၁။ ဥပဒေနဲ့အုပ်ချုပ်ရမယ်။ ဥပဒေပြုအာဏာ

၂။ တရားရုံးအဆင့်ဆင့်ရှိမယ်။ တရားစီရင်ရေး အာဏာ

၃။ အုပ်ချုပ်ရေးအာဏာ

အားလုံးဟာ ပြည်သူလူထုအကျိုးစီးပွားအတွက် သာဖြစ်လို့ ပြည်ပကမခြယ်လှယ်ရ၊ ဝင်မစွက်ရ၊ နိုင်ငံခြားသားတွေကို အမေရိကန်က နှင်ထုတ်နေတာလဲ အမေရိကန်ရဲ့ သူ့ပြည်သူ့အကျိုးအတွက် ဒီမိုကရေစီစနစ်သဘောအရ လုပ်ဆောင်နေခြင်းပါပဲ။ ဒီကနေ ကန့်ကွက်နေလို့မရပါ။

Of the people, by the people, for the people ဆိုတဲ့စကားက ဘယ်ကစသလဲ။ မြစ်ဖျားခံရာ လိုက်ကြည့်တော့ အမေရိကန်လူမည်းခေါင်းဆောင် မာတင်လူသာကင်း (၁၉၂၉-၁၉၆၈) ပြောစကားကြောင့် နာမည်ပိုကြီးခဲ့တာပဲ။ မာတင်လူသာကင်းက ဘယ်ကရသလဲ။ အမေရိကန်သမ္မတလင်ကွန်း (၁၈၀၉- ၁၈၆၅)ရဲ့ ကမ္ဘာကျော်ဘာစတီးမိန့်ခွန်းထဲမှာပါခဲ့တဲ့စကား ယူသုံးခဲ့တာပေပဲ။ သမ္မတကြီးလင်ကွန်းက သီအိုဒိုပတ်ကား(၁၈၁၀-၁၈၆၀)ရေးသားတာထဲက သူသဘောကျလို့ယူပြီး ပြောခဲ့တာကိုး။

ဒိုရိသီပတ်ကား (၁၈၉၃-၁၉၆၇)က ဒီအဆိုအမိန့်ဆောင်ပုဒ်ကို ဘယ်ကရခဲ့သလဲ။ ဂျွန်ဝစ်ကလစ်(John Wycliffe) က ဘာသာပြန်ခဲ့တဲ့ သမ္မာကျမ်းစာ အင်္ဂလိပ်ဘာသာထဲက ယူထားတာတွေ့ရပါသတဲ့။ ဒီတော့ အင်္ဂလိပ်လို Bible သမ္မာကျမ်းစာထဲမှာပါခြင်းက အရင်းခံမြစ်ဖျားစတာပဲ။

ပြည်သူများရဲ့ အာဏာပိုင်စိုးရေးဆိုတာ စာရွက်ထဲ၊ စာအုပ်ထဲ၊ စကားလုံးထဲမှာပဲ ရပ်တန့်မနေဘဲ တကယ့်လက်တွေ့ဘဝထဲ ရှင်သန်အောင် ဒီစနစ်ကို ဖော်ဆောင်ကြရမှာက သိမြင်နားလည်ကြတဲ့ ပြည်သူတွေကိုယ်တိုင်သာဖြစ်ပါတယ်။ လွတ်လပ်ရေးမရခင်ကတည်းက အမျိုးသားလွတ်မြောက်ရေးတော်လှန်ရေးကြီး အောင်မြင်လို့ တို့နိုင်ငံဟာ လွတ်လပ်တဲ့နိုင်ငံဖြစ်လာသော် ဒီမိုကရေစီစနစ်နဲ့သာ သွားကြမယ်လို့ ရည်ရွယ်ခဲ့ကြတယ်နော်။

ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံရေးခေါင်းဆောင်တွေဟာ ဆိုရှယ်လစ်ဒီမိုကရေစီပြောသူကပြော၊ ဒီမိုကရက်တစ်ဆိုရှယ်လစ်ဝါဒဆိုသူကဆို။ အရင်းခံသဘော ပြည်သူတွေသာ အရင်းခံအာဏာစီးဆင်းရာ အမှန်ဆိုတာကို မြန်မာတို့ရဲ့နှစ်ဆယ်ရာစုမှာ လေ့လာရင်တွေ့နိုင်ကြပေတယ်။

ခေတ်အဆက်ဆက် မြန်မာအများစုဟာ ပဒေသရာဇီစနစ်၊ မင်းဘုရင်အုပ်ချုပ်တဲ့စနစ်အောက်မှာ ရှိခဲ့ရပေမယ့် ပျူခေတ်၊ ပုဂံခေတ် ရှေးနှစ်ပေါင်း ၁၀၀၀ ကျော်ကာလကပင် ယုံကြည်ကိုးကွယ်တဲ့ ဗုဒ္ဓဓမ္မစံနှုန်းတွေမှာ တရားမျှတခြင်း၊ လူသားချင်းတန်းတူညီမျှခြင်းတွေကို ခံယူခဲ့ကြတာမို့ပါ။ သမိုင်းကိုကြည့်ရင် နန်းသက်ရှည်ကြာ အုပ်စိုးနိုင်ခဲ့တဲ့ဘုရင်များဟာ တိုင်းပြည်ကို ဘာလို့အကြာကြီး အုပ်ချုပ်နိုင်တာလဲ။

ထိုဘုရင်အစိုးရသည် အစိုးရရဲ့ အဘိဓမ္မာခံယူချက်နဲ့ ပြည်သူတွေရဲ့ ခံယူချက်၊ ဒီနှစ်ခုကို ချိန်ခွင်လျှာထိန်းညှိနိုင်ကြလို့ပဲဆိုတာတွေ့ရတယ်။ ပြည်သူ့စိတ်ထားနဲ့တစ်သားတည်းရှိရင် ဘုန်းကံကြီးသောမင်းပါပဲ။

မြန်မာ့သမိုင်းစဉ်ကို ပန်းခင်းအားမြင်းစိုင်း၍ ကြည့်သကဲ့သို့ မြင်ကွင်းကျယ်ရှုကြည့်လိုက်ရင် မြန်မာဟာ လူသားအချင်းချင်းတန်းတူတဲ့(ခံယူချက်သဘောထားအမြင်)အခြေအနေတွေရှိခဲ့တယ်။ အခြေခံသဘောထားတူခြင်းဆိုတာ အင်္ဂလိပ်လို (a poste-riori)အကျိုးတရားမှသည် နောက်ကြောင်းပြန်အကြောင်းတရားဆင်ခြင်ဖော်ထုတ် သုံးသပ်ချက်ဆိုလိုပါတယ်။

တရုတ်နိုင်ငံဟာ ကွန်ဖြူးရှပ်အဆုံးအမတွေနဲ့ ညီညွတ်စုစည်းလို့ စစ်မက်မရှိ ငြိမ်းချမ်းစွာ နိုင်ငံတည်ဆောက်နိုင်။ အိန္ဒိယနိုင်ငံဟာ လူဦးရေများ၊ လူမျိုးကွဲပြားတာတွေရှိခဲ့ပေမယ့် ရေးဟောင်းဟိန္ဒူ အယူဝါဒနှစ်ပေါင်းများစွာ အရိုးစွဲခဲ့တဲ့ ယဉ်ကျေးမှုတူညီခြင်းကြောင့် လူဦးရေသန်း ၁၄၀၀ လောက်ကနည်းပညာကော စီးပွားရေးပါ တိုးတက်နေတာပဲ။ ပါလီမန်ဒီမိုကရေစီစနစ်နဲ့။

ဒီမိုကရေစီအားပျော့ခဲ့တာ၊ အားကောင်းခဲ့တာ၊ သမိုင်းမှာ ဖြတ်သန်းခဲ့ပြီးပြီ။ သင်ခန်းစာတွေ အများကြီးပါပဲ။ ဘာပဲဖြစ်ဖြစ် မြန်မာလူမျိုးတွေဟာ ဗုဒ္ဓဘာသာ သင်ကြားမှုအဆုံးအမတွေ အခြေခံကိုက ဒီမိုကရေစီရှင်သန်ဖို့ ရေခံမြေခံ မြေသြဇာကောင်းပါတယ်။ စဉ်းစားနိုင်ရန် အရေးကြီးတဲ့ ၆ ချက်ပဲ ဖော်ပြမယ်။

၁။ **အနတ္တသဘော**ပါတဲ့ လူ့ဘဝရဲ့ လက္ခဏာတွေမှာ တစ်ဦးနဲ့တစ်ဦး လူချင်းတူပေမယ့် အတိတ်ကံ၊ ပစ္စုပ္ပန်ကံတွေရဲ့ အကျိုးပေးမတူမှုကြောင့် သီးခြားစီ သီးသန့်ကွဲပြားကြလို့ ဆက်ဆံရေးကျင့်ဝတ်မှာ အပြန်အလှန်လေးစားရမယ်။ နားလည်ရမယ်၊ ကြင်နာရမယ်၊ ရန်မလုပ်ရဘူး၊ မသတ်ဖြတ် မနှိပ်စက်ရဘူး၊ အနိုင်အထက် လုယက်ခိုးဂုက်ခြင်းမျိုး မပြုရဘူးဆိုတဲ့ ဆက်ဆံရေးကျင့်ဝတ်(ငါးပါးသီလ)အလေးထားခြင်း။ အနောက်တိုင်းရဲ့(Phenomenological Approach) မတူကွဲပြားမှုကို လက်ခံအသိမှတ်ပြုရခြင်း။

၂။ **ကံ ကံရဲ့အကျိုး** မြန်မာတွေက ပစ္စုပ္ပန်ကံကို ရွေးချယ်နိုင်ခွင့်၊ ခြယ်လှယ်ခွင့်၊ ကြိုးပမ်းခွင့်ရှိတာကို သိပါတယ်။ မမြင်ရတဲ့ ယခင်ဘဝ အတိတ်ဘဝကံတွေရဲ့ အကျိုးပေးအခြေအနေလည်းရှိတယ်ဆိုတာ သဘောပေါက်ကြတယ်။ ခေါင်းမမာဘူး။ အကန့်အသတ်ကိုသိတယ်။ မဖြစ်နိုင်တာကို နွားရူးဆူးတိုးမလုပ်ဘူး။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားဆိုတဲ့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဩဝါဒ ပါတိမောက်ကို ကလေးသူငယ်ဘဝကပင် သင်ယူလိုက်နာလေ့ကျင့်ခဲ့ကြရတယ်။ စေတနာဆိုတဲ့အာရုံစေ့ဆော်မှုဟာ ကံပဲလို့နားလည်ကြတယ်။ မိမိလုပ်ဆောင်ချက်လွဲမှားရင် ကံဆိုးကြရမှာပဲ။ စေတနာကောင်းမှသာကံကောင်းမှာကို သိမြင်ကြတယ်။

၃။ **လူလူချင်းတန်းတူတယ်** ကိုယ်ပြုတဲ့ကံ၊ ဥာဏ်၊ ဝိရိယအတိုင်းသာ ကောင်းကျိုးရနိုင်တာ။ ဘယ်ဘုရားသခင်၊ ဖန်ဆင်းရှင်ကမှ ကောင်းအောင်၊ ဆိုးအောင် စီမံနေတာမဟုတ်ဘူးဆိုတာ သဘောပေါက်ထားတယ်။ အတ္တာနမေဝ ပဋ္ဌမံ။ မိမိသာကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်ရမယ်။ အတ္တာဟိအတ္တနော နာထော။ မိမိကိုယ်တိုင်သာ ကောင်းအောင်ကြိုးစားရမှာ။ အဖေ့ဂုဏ်ကိုမှီခိုပြီး အခွင့်အရေးယူချင်လို့မရဘူး။ ကိုယ်မှားရင်လည်း ကိုယ်ပဲခံရမယ်။ ဘယ်သူမပြုမိမိမှုပဲ။

၄။ **အမျိုးသမီးတန်းတူအခွင့်အရေး** ရှိခဲ့တယ်။ ရှိနေပါတယ်။ အချို့နိုင်ငံတွေမှာ မဲပေးခွင့်တောင်မရခဲ့ကြဘူး။ မဲပေးခွင့်ရတာမကြာသေးတဲ့ ဒီမိုကရေစီနိုင်ငံမျိုးလည်းရှိတယ်။ မြန်မာက ၁၈ နှစ်ပြည့်သူယောကျ်ား၊ မိန်းမ မခွဲ ကိုယ်တိုင်ဆန္ဒမဲပေးခွင့်ရခဲ့ကြတယ်။ အမျိုးသမီးဟာ အိမ်ထောင်ရှင် သူ့ယောကျ်ားရဲ့အမည်ကို လိုက်ပြောင်းနေစရာမလိုဘူး။ Family Name အစဉ်လာမရှိဘူး။ အမှီခိုကင်းတယ်။ တရုတ်တို့ အိန္ဒိယတို့ အချို့လူမျိုးမှာ အမျိုးသမီးဟာ ခွဲခြားဆက်ဆံတဲ့ ယဉ်ကျေးမှုမျိုး ရှေးကရှိခဲ့ကြဖူးတယ်။ မိန်းမသားကို နိမ့်ကျသလို ဆက်ဆံကြတာ ဘေးနိုင်ငံတွေမှာ ရှိပေမယ့် မြန်မာကတော့ မောင်တစ်ထမ်းမယ်တစ်ရွက်၊ ဒိုးတူပေါင်ဖက်၊ တန်းတူလို့သာ

စာမျက်နှာ ၂၇ သို့ ➤

မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၇၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မင်းကင်း ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၇၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၂၉ ဧက၊ ဖူးစားပြောင်း ၃၃၉ ဧက စုစုပေါင်း ၃၈ ၃၀ ဧက စုစုပေါင်း ၃၈ ၃၀ ၃ ဧက ရှိပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၇၇ ဧက၊ ဖူးစားပြောင်း ၂၅၀၅ ဧက စုစုပေါင်း ၂၇၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၇၈၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန် ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲ များဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝမြေဩဇာနှင့်ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော်နှင့် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ခန့် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ကုန်ကျစရိတ် ငွေကျပ် ငါးသိန်း ကျော်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံနိုင်မည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပြောင်းသီးနှံများကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

ဆင်ပေါင်ဝဲမြို့နယ် မွန်းညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဆင်ပေါင်ဝဲ ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မွန်းညောင်ပင်သာ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမယျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေ ကျပ် ၃၉ ဒသမ ၆၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မွန်းညောင်ပင်သာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၃ ဒသမ ၈၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၁၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၀၄ သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၆၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။ **ငြိမ်းသူ(စလင်း)**

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဌာနခွဲလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကန်ကြီးထောင့် ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဌာနခွဲလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့မေလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဌာနခွဲလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ဌာနခွဲလအတွင်း ဒီဘက်ကနေ မနောသုခစပါး အိတ်ရေတော်တော်များများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကန်ကြီးထောင့်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ဌာနခွဲလအတွင်းမှာကော လတ်တလော အနေနဲ့ပါ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းကနေ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဌာနခွဲလအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၂၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အင့ှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

မိုင်းပန်မြို့နယ် ၃ မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းပန် ဇူလိုင် ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၃ မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ၃ မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည်စုံမှန်ကန်မှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုင်းပန်မြို့နယ် ၃ မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေကြောင်း သိရသည်။ **အေးသူ**

➤ **စာမျက်နှာ ၂၆ မှအဆက်**

ယဉ်ကျေးမှုအမွေအနှစ်က ပေးထားတယ်။

၅။ **ဘုရင်(အစိုးရ)နှင့်ပြည်သူတန်းတူခြင်းတာဝန်** အစဉ်အလာယဉ်ကျေးမှုထဲမှာ ရန်သူမျိုးငါးပါးထဲမှာ မင်း(အုပ်ချုပ်သူ)လည်းပါတယ်။ အစိုးရမကောင်းရင် မိမိကိုရေဘေး၊ မီးဘေးလိုပဲ နှိပ်စက်ကလူပြုတတ်တယ်။ မင်းကောင်းဖို့အရေးကြီးကြောင်း သိကြတယ်။

၆။ **မင်းကျင့်ဝတ်ဆယ်ပါး** (၁) ဒါန-ပေးလှူရမယ်။ (၂) သီလ-ကိုယ်ကျင့်တရားဖြူစင်ဖြောင့်မတ်ရတယ်။ (၃) ပရိစာဂ-ကိုယ်ကျိုးစွန့်လွှတ်ရတယ်။ လောဘသတ်ရမယ်။ (၄) အဇ္ဇဝ-ဖြောင့်မှန်ရ။ (၅) မဒ္ဒဝ-နူးညံ့ချိုသာပါ။ (၆) တပ-ခြိုးခြံချွေတာပါ။ (၇) အကောဓ-အမျက်မထွက်မိစေနဲ့။ (၈) အဝိဟိ'သ- မနှိပ်စက်နဲ့။ အကြမ်းမဖက်ရ။ (၉) ခန္တီ-သည်းခံစိတ်ရှည်ပါ။ (၁၀) အဝိရောဓ-ပြည်သူ့အလိုနဲ့ မဆန့်ကျင်လေနဲ့။ ဒါတွေဟာ ပြည်သူ့ကိုယ်စား တိုင်းပြည်ကို စီမံအုပ်ချုပ်ရမယ့်လူတွေ သိထား၊ ကျင့်ထား၊ ကျင့်သုံးသွားကြရမှာပဲ မဟုတ်ဘူးလား။

နိဂုံး

မြန်မာပြည်ရဲ့ရေရှည်မြေခံဟာ သမိုင်းအစဉ်အလာယဉ်ကျေးမှုအဆင့်မြင့်ခဲ့တာမို့ ရှေးကျလှတဲ့ဒီမိုကရေစီ (Demos+Cracia) ပြည်သူ့ကိုယ်စားပြည်သူတွေတင်မြှောက်သူတို့က ပြည်သူ့အကျိုးအတွက် ဆောင်ရွက်တဲ့စနစ်နဲ့ အင်မတန်ဆီလျော်သင့်မြတ်ပေတယ်မဟုတ်လား။ အနီးအဝေးက အသံသေးအသံကြောင်တွေနဲ့ နည်းမျိုးစုံဟန့်တားဖျက်ဆီးနေသောက်ယှက်နေကြတဲ့အရာတွေကို သတိထားကြစေလိုပါတယ်။

အီတလီနိုင်ငံမြောက်ပိုင်း မီလန်မြို့တွင် ပြင်းထန်သောအပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့

ရောမ ဇူလိုင် ၇

အီတလီနိုင်ငံ မြောက်ပိုင်း မီလန်မြို့တွင် ဇူလိုင် ၆ ရက်က ပြင်းထန်သော အပူပိုင်းမုန်တိုင်း ဝင်ရောက် တိုက်ခတ်ခဲ့ကြောင်း ဒေသအာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

ဇူလိုင် ၆ ရက်က တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် မီလန်မြို့ရှိ သစ်ပင်အများအပြား ပြိုလဲကျိုးကျခဲ့ကြောင်း၊ သစ်ပင်ပိမိမှုကြောင့် အသက် ၆၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး လမ်းသွားလမ်းလာနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံမီးသတ်သမားများက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အားပြင်းသော မုန်တိုင်းမတိုက်မီ မီလန်မြို့တွင် ရက်အတန်ကြာ အပူချိန်များ မြင့်မားလာပြီးနောက် ယခုကဲ့သို့ မုန်တိုင်း တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မုန်တိုင်းကြောင့် သစ်ပင်များ၊ စားသောက်ဆိုင်များ၊ ကြော်ငြာဆိုင်းဘုတ်များ ပြိုကျပျက်စီးခဲ့ရကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် Belluno နှင့် Vicenza မြို့များတစ်ဝိုက်တွင် ရာသီဥတုဆိုးရွားနေပြီး ရေကြီးရေလျှံမှုများ ဖြစ်မလာစေရေး စောင့်ကြည့်နေကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

ဂျပန်နိုင်ငံရှိ စီရင်စုမြို့တချို့၌ အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်နေ

တိုကျို ဇူလိုင် ၇

ဂျပန်နိုင်ငံရှိ စီရင်စုမြို့တချို့၌ အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေကြောင်း ဇူလိုင် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်နေသည့် ဧရိယာများတွင် တိုကျိုမြို့တော်လည်း ပါဝင်နေပြီး ယခုနှစ်အတွင်း တိုကျိုမြို့တော်တွင် ပထမဆုံးအကြိမ် အပူချိန် မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း၊ အမြင့်ဆုံးအပူချိန်ပမာဏမှာ ၃၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အအေးဓာတ် မြင့်မားသော ဂျပန်နိုင်ငံအတွက် စံချိန်တင် အပူချိန်မြင့်တက်မှု တစ်ရပ်ဖြစ်ကြောင်း၊ တိုယိုတာမြို့တွင် အပူချိန်ပမာဏမှာ ၃၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်၊ နာဂိုယာမြို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်၊ ကျိုတိုမြို့တွင် ၃၆ ဒသမ ၁ ဒီဂရီစင်တီဂရိတ်၊ ကိုဖူမြို့တွင် ၃၅ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်မှုဟာ ဇူလိုင် ၁၄ ရက်လောက်ထိကြာမြင့်သွားနိုင်ပါတယ်။ တိုယိုတာမြို့၊ နာဂိုယာမြို့၊ ကျိုတိုမြို့၊ ကိုဖူမြို့တွေမှာ အပူချိန်မြင့်တက်နေပါတယ်"ဟု ဂျပန်မိုးလေဝသအေဂျင်စီမှ မိုးလေဝသခန့်မှန်းတိုင်းတာရေး ပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

အပူချိန် မြင့်တက်မှုသည် ဇူလိုင် ၁၄ ရက်ထိ ကြာမြင့်သွားနိုင်သည့်အတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်နိုင်ရေးအတွက် လိုအပ်သောကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနကလည်း ကြေညာချက်ထုတ်ပြန်ထားသည်။

Ref : Russia Today
Trs : Sai Sat

မိုးသည်းထန်စွာရွာသွန်းပြီး မဲခေါင်မြစ်ဝှမ်းရေပမာဏမြင့်တက်မှုကြောင့် ထိုင်းနိုင်ငံအတွင်း ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်

ဗန်ကောက် ဇူလိုင် ၇

ထိုင်းနိုင်ငံ ဧရိယာအတွင်းရှိ မဲခေါင်မြစ်ဝှမ်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေပမာဏ မြင့်တက်လာသဖြင့် ထိုင်းနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မဲခေါင်မြစ်ဝှမ်းအနီးတွင်တည်ရှိသည့်ဧရိယာများ၌ မဲခေါင်မြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ဘန်ဖန်လန်းခရိုင်တွင် ရေဘေးအန္တရာယ်ဖြင့် ကနဦး ရင်ဆိုင်ရဖွယ်ရှိနေပြီး မြစ်ရေပမာဏ မြင့်တက်လာမှုအပေါ် ရေကြီးရေလျှံမှုအန္တရာယ် ဆိုးရွားသွားဖွယ် ရှိနေကြောင်း၊ မဲခေါင်မြစ်ဝှမ်းတွင် ရေအနက် ၈ ဒသမ ၆ မီတာထိ ရောက်ရှိနေပြီး ပုံမှန်ထက် မြစ်ရေပမာဏသည် ၃၀ စင်တီမီတာ ပိုများနေကြောင်းလည်း National Water Resources က ထုတ်ပြန်ခဲ့သည်။

"မဲခေါင်မြစ်ဝှမ်းအတွင်း ရေပမာဏမြင့်တက်နေပြီး ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ ရေပမာဏထက် ၃၀ စင်တီမီတာ မြင့်တက်နေပါတယ်။ မိုးရေချိန်ပေါ် မူတည်ပြီးတော့ မြစ်ရေလျှံတက်မှု ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု National Water Resources မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရဖွယ်ရှိနေသည့် ဧရိယာများမှာ ဘန်ဖန်လန်းခရိုင် ဘွန်ကန်မြို့ဖြစ်ပြီး ဇူလိုင် ၁၂ ရက်ထိ ဘွန်ကန်မြို့ကို ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း Thai Meteorological Department (TMD) က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

အမေရိကန်နိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူဦးရေ အနည်းဆုံး ၈၂ ဦးထိ ရှိလာ

ဝါရှင်တန် ဇူလိုင် ၇

အမေရိကန်နိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူဦးရေသည် အနည်းဆုံး ၈၂ ဦးထိ ရှိလာကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် နွေရာသီအပန်းဖြေစခန်းတစ်ခု၌ ရေကြီးရေလျှံမှုကြောင့် ရေစီးနှင့်အတူမျောပါသွားသူများကို ရှာဖွေမှုများပြုလုပ်နေပြီး သေဆုံးခဲ့သူတချို့၏ ရုပ်အလောင်းများကို ဆယ်ယူနိုင်ခဲ့သော်လည်း အချို့ကိုမူ ရှာမတွေ့သေးသဖြင့် ရှာဖွေမှုများဆက်လက်လုပ်ဆောင်နေကြောင်း၊ အဆိုပါ နွေရာသီအပန်းဖြေစခန်းမှ ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးစခန်းမှ စေတနာ့ဝန်ထမ်းများက ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း တက္ကဆက်ပြည်နယ် ရဲအရာရှိ လယ်ရီလေသာက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ရေဘေးကြောင့် သေဆုံးခဲ့ရသူများထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့ခဲ့ပြီး ဇူလိုင် ၁၁ ရက်တွင် အဆိုပါ ရေဘေးသင့်ဒေသများသို့ သွားရောက်ကာ ပြည်သူများကို အားပေးမည်ဖြစ်ကြောင်း ပြောပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်အလယ်ပိုင်းတွင် ဇူလိုင် ၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဂွါဒါလူပီမြစ်ကမ်းပါး ကျိုးသွားရာမှ ရေကြီးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ယနေ့ထိ မိုးရွာသွန်းမှုရပ်တန့်မသွားသဖြင့် သေဆုံးသူအရေအတွက် တိုးလာခြင်းဖြစ်ကြောင်း တက္ကဆက်ပြည်နယ် အရေးပေါ် စီမံခန့်ခွဲရေးဌာနအကြီးအကဲ နင်မ်ကစ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

စရီနာဂါမြို့တွင် နှစ်ပေါင်း ၈၀ ခန့်အတွင်း အပူချိန်အမြင့်ဆုံး ဇူလိုင်လအဖြစ် ရင်ဆိုင်ရနိုင်ကြောင်း IMD ထုတ်ပြန်

နယူးဒေလီ ဇူလိုင် ၇

အိန္ဒိယနိုင်ငံ ကက်ရ်မီးဒေသ စရီနာဂါမြို့တွင် အပူချိန်မြင့်တက်နေပြီး မြင့်တက်နေသည့် အပူချိန်ပမာဏမှာ နှစ်ပေါင်း ၈၀ ခန့်အတွင်း အပူချိန်အမြင့်မားဆုံးသော ဇူလိုင်လဖြစ်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD) က ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကက်ရ်မီးဒေသတွင် အပူချိန်မြင့်တက်မှုအပြင် မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ခက်ခဲသည့်အခြေအနေဖြင့် ရင်ဆိုင်နေရပြီး မြေအောက်ရေအရင်းအမြစ်လည်း ခန်းခြောက်လာကြောင်း၊ အပူချိန်ပမာဏမှာ ၃၇ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း၊ အိန္ဒိယနိုင်ငံ သက်တမ်းတစ်လျှောက် အပူချိန်အမြင့်မားဆုံး ဇူလိုင်လအဖြစ် ၁၉၄၆ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့ပြီး အပူချိန်ပမာဏမှာ ၃၈ ဒသမ ၃ ဒီဂရီစင်တီဂရိတ် ဖြစ်ကြောင်း အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD)က ထုတ်ပြန်ခဲ့သည်။

"ကက်ရ်မီးဒေသမှာ အပူချိန်မြင့်တက်နေပြီး မိုးခေါင်မှုတွေဖြစ်ပေါ်နေပါတယ်။ စရီနာဂါမြို့မှာတော့ အပူချိန်ပမာဏဟာ ၃၇ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီးတော့ နှစ်ပေါင်း ၈၀ ခန့်အတွင်း အပူချိန်အမြင့်ဆုံး ဇူလိုင်လဖြစ်ပါတယ်။ မိုးလေဝသ ခန့်မှန်းချက်အရ လာမဲ့ရက်သတ္တပတ်အတွင်းမှာတော့ မိုးရွာသွန်းလာနိုင်ဖွယ် ရှိနေပါတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD)မှ ပြောရေးဆိုခွင့်ရှိသူ အာမတ်က ပြောကြားခဲ့ကြောင်း သိရသည်။

အပူချိန် မြင့်တက်နေသည့်အတွက် စရီနာဂါမြို့မှ ဒေသခံများကိုလည်း ရေဓာတ်ခန်းခြောက်ခြင်းမရှိစေရန်အတွက် ကျန်းမာရေးလုံခြုံမှုဆိုင်ရာ ညွှန်ကြားချက်များ အတိုင်းနေထိုင်သွားရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း၊ မိုးခေါင်မှုနှင့်အတူ အပူချိန်မြင့်တက်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေဖူလုံမှုမရှိဘဲ မွေးမြူရေးလုပ်ငန်းများတွင်လည်း တိရစ္ဆာန်များအတွက် အစာရေစာ ရှားပါးနေသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

မျိုးဆက်သစ်တိုက်လေယာဉ်ဈေးကွက်၌ ထိုးဖောက်လာနိုင်သောတရုတ် J-35A

တရုတ်နိုင်ငံအနေဖြင့် J-35A တိုက်လေယာဉ်သစ်တည်ဆောက်ပြီးစီးခြင်းသည် ကမ္ဘာ့တိုက်လေယာဉ်ဈေးကွက်ကို အပြောင်းအလဲဖြစ်လာစေနိုင်သည်။ အမေရိကန်ထံမှ တိုက်လေယာဉ်များ ဝယ်ယူရာ၌ နှောင့်နှေးကြန့်ကြာမှုများဖြစ်နေသည့် အပြင် စစ်ဘက်လေယာဉ်များ လွှဲပြောင်းပေးရာ၌ ကန့်သတ်ချက်များကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေသည့် အမေရိကန်မဟာမိတ်များနှင့် တခြားသောနိုင်ငံများကို တရုတ်နိုင်ငံအနေဖြင့် လေယာဉ်များရောင်းချပေးရန် ပြင်ဆင်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ၅၅ ကြိမ်မြောက် ပြင်သစ်လေကြောင်းပြပွဲ၌ ၎င်း၏နောက်ဆုံးထုတ်ပဉ္စမမျိုးဆက်တိုက်လေယာဉ်ဖြစ်သည့် J-35A ပုံစံငယ်ကို ခင်ကျင်းပြသခဲ့ကြောင်း တရုတ်တောင်ပိုင်းနံနက်ခင်းသတင်းစာ (SCMP) က ယခုလအတွင်း၌ပင် အစီရင်ခံဖော်ပြထားသည်။ တရုတ်အမျိုးသားလေယာဉ်နည်းပညာသွင်းကုန်၊ ထုတ်ကုန်ကော်ပိုရေးရှင်း (CATIC) က စီစဉ်ဆောင်ရွက်သော ၎င်းပြပွဲသည် ရှန်ယန်းလေယာဉ်ကော်ပိုရေးရှင်းသုတေသနပြုတည်ဆောက်ထားသည့် တိုက်လေယာဉ်၏ ပထမဆုံးသော ပြည်ပပွဲထုတ်မှုဖြစ်ပြီး ပြည်ပစစ်လက်နက်ပစ္စည်းရောင်းချမှုအတွက် တရုတ်နိုင်ငံ၏ တွန်းအားပေးဆောင်ရွက်မှုများကြားတွင် ပေါ်ထွက်လာခြင်းဖြစ်သည်။

မူလက လေယာဉ်တင် သင်္ဘောစစ်ဆင်ရေးများအတွက် ဒီဇိုင်းရေးဆွဲထားရှိပြီး ၂၀၂၃ ခုနှစ်စက်တင်ဘာလတွင် ပထမဆုံးပျံသန်းခဲ့သော J-35A သည် ပြည်ပတင်ပို့မှုကန့်သတ်ထားသည့် J-20 တိုက်လေယာဉ်ထုတ်လုပ်ပြီးနောက် တရုတ်နိုင်ငံ၏ ဒုတိယမြောက် ပဉ္စမမျိုးဆက်ဂျက်တိုက်လေယာဉ် အဖြစ်ရပ်တည်လာတော့မည်ဖြစ်သည်။ CATIC သည် ပါကစ္စတန်နိုင်ငံသို့ အစင်း ၄၀ ရောင်းချသွားရန်ကမ်းလှမ်းထားရှိပြီး တည်ဆောက်ပြီးစီးလျှင် ၎င်းလေယာဉ်သည် ပြည်ပသို့ရောင်းချမည့် ပထမဆုံးသော လေယာဉ်အဖြစ် ရပ်တည်လာမည်ဖြစ်သည်။

CATIC သည် J-35A တိုက်လေယာဉ်နှင့်အတူ စတုတ္ထမျိုးဆက်လွန် J-10CE ကိုလည်း အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။ ၎င်းတိုက်လေယာဉ်ကို ပါကစ္စတန်နိုင်ငံတွင် အသုံးပြုနေပြီဖြစ်ပြီး ယခုနှစ်မေလတွင် အိန္ဒိယ၏ Operation Sindoor ၌ J-10CE သည် အိန္ဒိယတို့အသုံးပြုခဲ့သော Rafale တိုက်လေယာဉ်နှစ်စင်းကို ပစ်ချနိုင်ခဲ့သည်။ ပါကစ္စတန်နှင့်ပူးတွဲသုတေသနပြုတည်ဆောက်ထားပြီး အဇာဘိုင်ဂျန်နှင့် နိုင်ဂျီရီးယားနိုင်ငံတို့တွင် အသုံးပြုနေသော တရုတ်နိုင်ငံ၏ JF-17 တိုက်လေယာဉ်ကိုလည်း ပြင်သစ်လေကြောင်းပြပွဲ၌ ခင်းကျင်းပြသခဲ့သည်။

တရုတ်နိုင်ငံ၏ လေကြောင်းစွမ်းအား ခင်းကျင်းပြသမှုသည် ပထဝီနိုင်ငံရေးဆိုင်ရာ ပွတ်တိုက်မှုများအပေါ် အသုံးချရန်နှင့် တိုက်လေယာဉ်များ ပိုမိုတင်ပို့ရေးကာကွယ်ရေးမိတ်ဖက်များရှာဖွေရန် အထူးသဖြင့် NATO မဟာမိတ်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများတွင် ဈေးနှုန်းသက်သာပြီး အဆင့်မြင့်တိုက်လေယာဉ် လိုအပ်ချက်မြင့်တက်နေသည့်အချိန်တွင် တောင်အာရှနှင့် အရှေ့အလယ်ပိုင်းဒေသတို့တွင် တိုက်လေယာဉ်များ တိုးချဲ့ရောင်းချသွားမည့် တရုတ်နိုင်ငံ၏ ရည်ရွယ်ချက်ကို မီးမောင်းထိုးပြသလျက်ရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် တရုတ်နိုင်ငံထုတ် တိုက်လေယာဉ်ဝယ်ယူမည့် အဓိကနိုင်ငံဖြစ်သည်။ အမေရိကန်နိုင်ငံထုတ် F-35 တိုက်လေယာဉ်များ ဝယ်ယူမရရှိသည့်အပြင် လေယာဉ်များရောင်းချရာတွင် အမေရိကန်၏ ကြိုတင်သတ်မှတ်ချက်များ အပေါ်စိုးရိမ်ပူပန်မှု မြင့်တက်လာလျက်ရှိသော ဆော်ဒီအာရေဗျနိုင်ငံသည် ပင်လယ်ကွေ့လုံခြုံရေး အပေါ် အမေရိကန်၏ ရေရှည်ကတိကဝတ်နှင့်စပ်လျဉ်း၍ သံသယကြီးထွားလာသောကြောင့် တရုတ်နိုင်ငံ၏ J-35A ကို အစားထိုးဝယ်ယူသွားဖွယ်ရာရှိနေသည်။

အမေရိကန်သည် ဆော်ဒီအာရေဗျသို့ ၎င်း၏ F-35 တိုက်လေယာဉ်များ ရောင်းချပေးသွားရန် ငြင်းဆန်လျက်ရှိသည်။ အမေရိကန်အနေဖြင့် နည်းပညာလုံခြုံမှုနှင့် ပထဝီနိုင်ငံရေးဆိုင်ရာရည်မှန်းချက်တို့အပေါ်စိုးရိမ်ပူပန်မှုများကြောင့် ဆော်ဒီအာရေဗျသို့ F-35s တိုက်လေယာဉ်များ ရောင်းချရန် ငြင်းဆန်နေခြင်းပင်ဖြစ်သည်။

F-35 ၏ မူပိုင်ဆော့ဖ်ဝဲသည် အမေရိကန်တို့ ထိန်းချုပ်ထားသော ကုတ်စနစ်ပါဝင်သောကြောင့် ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် စစ်ဘက်ဆိုင်ရာ အဆင့်မြှင့်တင်မှုနှင့် အချုပ်အခြာအာဏာဆိုင်ရာ စစ်ဆင်ရေးများအတွက် အမေရိကန်အပေါ် မှီခိုထားရန်ဖြစ်စေသည်။ သို့သော် F-35 နှင့် တရုတ်နိုင်ငံထုတ် ဆော်ဒီလေကြောင်းရန်ကာကွယ်ရေးစနစ်တို့ ပေါင်းစည်းခြင်းသည် တိုက်လေယာဉ်၏ ကိုယ်ပျောက်နှင့် သတင်း အချက်အလက်မျှဝေမှု စွမ်းဆောင်ရည်များကို ပေါင်းစပ်နိုင်မည်ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ဗြိတိန်-အီတလီ-ဂျပန်တို့၏ ကမ္ဘာလုံးဆိုင်ရာ တိုက်လေယာဉ် အစီအစဉ် (GCAP) ပါဝင်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။ ၎င်းလေယာဉ်သည် ၂၀၃၅ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်နိုင်ရန် သတ်မှတ်ထားသော်လည်း အစီအစဉ်၌ တိုးတက်မှုနှေးကွေးခြင်းသည် ဆော်ဒီအာရေဗျအား J-35 တည်ရှိနေသည့် အချိန်တွင် မည်သည့်အတွက်ကြောင့် ၎င်းလေယာဉ်ကို ကာလကြာရှည်စွာ စောင့်ဆိုင်းနေမလဲဆိုသော မေးခွန်းထွက်ပေါ်လာနိုင်သည်။ ထို့ကြောင့် ဆော်ဒီအာရေဗျသည် အမေရိကန်နှင့် တရုတ်တို့ကြားအရန်အတားအဖြစ် J-35 ကို စဉ်းစားသုံးသပ်ဆောင်ရွက်သွားဖွယ်ရာရှိနေသည်။

တရုတ်နိုင်ငံ၏ J-35A တိုက်လေယာဉ်ကို တွေ့ရစဉ်။

စတေဘ်ဟုမ်း နိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအင်စတီကျူ (SIPRI) မှ ရရှိသောအချက်အလက်များအရ ဆော်ဒီအာရေဗျသည် အမေရိကန်စစ်လက်နက်ပစ္စည်းများကို အများဆုံးဝယ်ယူသူဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် အမေရိကန်စစ်လက်နက်ပစ္စည်းရောင်းချမှု၏ ၁၂ ရာခိုင်နှုန်းကို ဝယ်ယူခဲ့သည်ဟုဆိုသည်။ ဆော်ဒီအာရေဗျ၏ လက်နက် ၈၀ ရာခိုင်နှုန်းခန့်သည် အမေရိကန်မှဖြစ်ပြီး နှစ်နိုင်ငံ၏ အကျိုးစီးပွားများသည်အပြန်အလှန် မှီခိုအားထားဆောင်ရွက်နေခြင်းဖြစ်သည်။

အမေရိကန် စစ်လက်နက်ပစ္စည်းများသည် ဈေးနှုန်းကြီးမားပြီး နည်းပညာမျှဝေမှုကို ကန့်သတ်ထားသည့်အပြင် လေးနှစ်တစ်ကြိမ်နိုင်ငံရေး အပြောင်းအလဲရှိသောကြောင့် သတ်မှတ်ချက်များသည်လည်း အပြောင်းအလဲရှိနိုင်သည်။ အထူးသဖြင့် အမေရိကန်စစ်လက်နက်ပစ္စည်းများ ရောင်းချမှုသည်နိုင်ငံရေးဆိုင်ရာ အနှောင်အဖွဲ့များ ပါလာလေ့ရှိပြီး တိကျသော စစ်နယ်ဝန်းများတွင် အသုံးပြုမှုကို ကန့်သတ်ထားရှိသည်။

အမေရိကန်သည် ၂၀၂၁ ခုနှစ်တွင် ဆော်ဒီအာရေဗျသို့ လက်နက်ရောင်းချမှုရပ်ဆိုင်းခဲ့ပြီး ဆော်ဒီအာရေဗျအနေဖြင့် နိုင်ငံတကာစံနှုန်းများကို လိုက်နာဆောင်ရွက်ကာ ယီမင်စစ်ပွဲအဆုံးသတ်မှုတွင် တိုးတက်မှုများရှိလာမှုအပေါ် မူတည်ပြီး လက်နက်ပြန်လည်ရောင်းချပေးမည်ဆိုသော ခြွင်းချက်ဖြင့် လက်နက်ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း ကန့်သတ်ထားရှိသည်။ ဆော်ဒီအာရေဗျက ယီမင်တွင် လေကြောင်းစစ်ဆင်မှုများ ရပ်တန့်ကာ ကုလသမဂ္ဂဦးဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အရပ်သားများ ထိခိုက်မှုလျှော့ချရေးရည်မှန်းလျက် လေ့ကျင့်သင်တန်းပေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

အမေရိကန်သည် F-15s များနှင့် Patriot ဒုံးကျည်တို့အပေါ် ဆော်ဒီအာရေဗျ၏ မှီခိုအားထားနေရမှုကို အမြတ်ထုတ်အသုံးချလျက်ရှိသဖြင့် အမေရိကန်စစ်လက်နက် ပစ္စည်းရောင်းချမှုများသည် ခြွင်းချက်များရှိပြီး မူဝါဒဆိုင်ရာ လွှမ်းမိုးမှုများ ရှိနေသည်။

ဆော်ဒီအာရေဗျစစ်ဘက်ဆိုင်ရာ စီမံဆောင်ရွက်သူများအနေဖြင့် နိုင်ငံရေးဆိုင်ရာ ခြွင်းချက်များမပါသော စစ်လက်နက်ပစ္စည်းရောင်ချသူများကို ရှာဖွေသွားမှသာလျှင် အမေရိကန်အနေဖြင့် မူဝါဒပြောင်းလဲလာဖွယ်ရာရှိနေသည်။ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်အပေါ် ဆော်ဒီအာရေဗျ၏ မကျေနပ်ချက်အပေါ် အလျင်အမြန် အမြတ်ထုတ်အသုံးချသွားရန် လုပ်ဆောင်လျက်ရှိသောကြောင့် ဒရုန်းများနှင့် ပဲ့ထိန်းဒုံးကျည်စနစ်များ ရောင်းချသွားရန် ကမ်းလှမ်းထားရှိသည်။ ၎င်းလက်နက်စနစ်များကို အမေရိကန်ထံမှ မရရှိနိုင်သည့်အပြင် အမေရိကန်အနေဖြင့်လည်း ထောက်ပံ့သွားရန်လည်း ဆန္ဒမရှိသောကြောင့်တရုတ်နိုင်ငံသည်ဆော်ဒီအာရေဗျ၏ ထွန်းသစ်စ စစ်လက်နက်စက်မှုလုပ်ငန်းနှင့်လည်း မိတ်ဖက်ဆောင်ရွက်လျက်ရှိသည်။

သို့သော် တရုတ်နိုင်ငံသည် ဆော်ဒီအာရေဗျ၏ အဓိက လုံခြုံရေးအာမခံချက်ပေးသူအဖြစ် အမေရိကန်နေရာတွင် အစားထိုးဝင်ရောက်နိုင်မည်မဟုတ်ပေ။ ဆော်ဒီအာရေဗျအနေဖြင့် ပင်လယ်နီတွင် ဟူသီသူပုန်တိုက်ခိုက်မှုများ ရပ်တန့်ရေးအတွက် အီရန်ကိုလွှမ်းမိုးနိုင်ရန် တရုတ်နိုင်ငံ အကူအညီရှာဖွေနေသော်လည်း တရုတ်နိုင်ငံအနေဖြင့် ကြီးမားကျယ်ပြန့်သည့် အရှေ့အလယ်ပိုင်းအရေးတွင် ပါဝင်ပတ်သက်လိုသော ဆန္ဒမရှိသကဲ့သို့ အီရန်နှင့်နီးကပ်သော ဆက်ဆံရေးကို ထိခိုက်မှုမရှိစေရန် သတိထားဆောင်ရွက်လျက်ရှိသည်။

မည်သို့ပင်ဆိုစေ ဆော်ဒီအာရေဗျသို့ အမေရိကန်၏ စစ်လက်နက်ပစ္စည်းများ တင်ပို့ရောင်းချမှုများသည် ဆော်ဒီအာရေဗျနိုင်ငံ၏ စိုးရိမ်ပူပန်မှုကို ဖြေလျှော့ပေးနိုင်မည်မဟုတ်ချေ။ အထူးသဖြင့် ပြည်တွင်းမငြိမ်သက်မှုများ သို့မဟုတ် အီရန်နိုင်ငံ၏ ကိုယ်စားတိုက်ခိုက်သူများ၊ ဒရုန်းများ၊ ဒုံးကျည်များ၊ ရှူကလီးယားခြိမ်းခြောက်မှုများကို ဖြေလျှော့ပေး နိုင်မည်မဟုတ်ချေ။

သမ္မတထရန့်အစိုးရအဖွဲ့သည် ၂၀၁၉ ခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံကို စည်းရုံးသိမ်းသွင်းခဲ့သော်လည်း ဆော်ဒီရေနံချက်စက်ရုံများအပေါ် ကာကွယ်ရန်ပျက်ကွက်ခဲ့သည့် အမေရိကန်သည် ပင်လယ်ကွေ့နိုင်ငံများကြားတွင် အမေရိကန်၏ လုံခြုံရေးအာမခံချက်အပေါ် သံသယကြီးထွားလာစေခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ အရေးကြီးဆုံးအချက်သည် အမေရိကန်သို့မဟုတ် တရုတ်ထံမှ စစ်လက်နက်ပစ္စည်းဝယ်ယူရန် ရွေးချယ်မှုများအပေါ်တွင် မူတည်နေခြင်းမဟုတ်ဘဲ အီရန်၊ အစ္စရေးနှင့်တခြားသော ဒေသတွင်း အဓိကနိုင်ငံများနှင့် သံခင်းတမန်ခင်းဆက်ဆံရာတွင် လွှမ်းမိုးမှုရရှိရေးအတွက် အဆိုပါ လက်နက်များကို မည်သို့မည်ပုံအသုံးပြုသွားမည်ဆိုသော အချက်ပေါ်တွင်သာ တည်မှီလျက်ရှိပေသည်။

ကိုးကား

– China's J-35A courting buyers barred from US F-35s by Asia Times.

ဝင်းဇင်(သုတေသန)

ခင်ဦးမြို့နယ်တွင် နွေစပါး ဧက ၇၈၆၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ် တစ်ဧကလျှင် ၈၅ ဒသမ ၁၀ တင်းထွက်ရှိ

ခင်ဦး ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနွေစပါး ဧက ၇၈၆၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၃၈၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၇၈၆၀ ဧကရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၈၅ ဒသမ ၁၀တင်း ထွက်ရှိကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ နွေစပါး ၂၃၈၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နွေစပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီ ရောက်ရှိဖို့ အသိပညာပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် နွေစပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။ (၂၀၆)

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဝါးခယ်မ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးရှဉ့်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလွဲက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလက ငါးရှဉ့်ပိသာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး ဇွန်လတစ်လအတွင်း ငါးရှဉ့်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချမှု အားကောင်းလာခြင်းသည် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေသိသိသာသာကို တင်ပို့အားကောင်းလာခဲ့ပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချ အားတက်ခဲ့တာကလဲ ပြည်တွင်း ငါးရှဉ့်လုပ်ငန်းတွေ ပြန်လည် လည်ပတ်လုပ်ကိုင်လာတာကြောင့်လို့ သိရပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်မြို့ကိုပဲ အဓိကတင်ပို့ပါတယ်။ ရန်ကုန်ကနေတစ်ဆင့် အခြားပြည်တွင်းပြည်ပ ဈေးကွက်တွေဆီ ဆက်လက် ဖြန့်ဖြူးရောင်းချတာ ဖြစ်ပါတယ်။ အခုလို ဝယ်ယူအားကောင်းလာတော့ ငါးရှဉ့်မွေးမြူသူတွေနဲ့ ရေလုပ်သားတွေ၊ ငါးရှဉ့် ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေတာ တွေ့ရပါတယ်'' ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ဝင်းလွဲက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိသာလျှင် ဒွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသမှ ထွက်ရှိသည့် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှ တစ်ဆင့် အခြားဒေသများကို ဆက်လက် တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ ဥယျာဉ်တော်ကျေးရွာ အနောက်သာယာကုန်းရွာနေ ကျွန်တော် ဦးမောင်မောင်နိုင်(၉/အမရ(နိုင်)၀၈၂၃၀၈)သည် အောက်ဖော်ပြပါတံဆိပ်အမည်(၁)မျိုးဖြင့်

၁။ RAFAR

အထက်ဖော်ပြပါတံဆိပ်အမည် (၁)မျိုးဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်
ဦးမောင်မောင်နိုင်
09-799269438

အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြတ်ပါရမီပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးမိုးဇော်သက်(၁၂/သကတ(နိုင်)၀၀၂၄၃၃)၏သား မောင်ဇွဲသီဟအောင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဇွဲသီဟဇော်ဖြစ်ပါကြောင်း။

မောင်ဇွဲသီဟဇော်

အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြတ်ပါရမီပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးမိုးဇော်သက်(၁၂/သကတ(နိုင်)၀၀၂၄၃၃)၏သား မောင်ဇွဲသီဟဇော်အား မောင်ဇော်ဖြိုးအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဇော်ဖြိုးအောင်

အမည်မှန် / ဖခင်အမည်မှန်

ကျောက်ဆည်မြို့၊ အထက(၁)ကျောင်း၊ Grade-12(နှင်းဆီ)ခန်းတွင် ပညာသင်ကြားနေသော မချန်ဂင်အား မဝင်းရတနာဦးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် သူမ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ဆန်းနိုင်ဖြစ်ပါကြောင်း။

မဝင်းရတနာဦး (၉/ကဆန(နိုင်)၂၄၉၃၈၃)
ဦးအောင်ဆန်းနိုင် (၉/ကဆန(နိုင်)၁၂၅၈၉၀)

ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နေ မဇူလိုင်ထက်(ဘ) ဦးကျော်ဝင်း (ခ) လျှိုရုံးချမ်း(၉/ပကခ(နိုင်)၀၄၂၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၃၃၂၅၃

မိဘအမည်မှန်

စစ်ကိုင်းမြို့၊ အလက(ခွဲ)(ပါရမီ)၊ Grade-5 မှ မောင်ငြိမ်းသူရစိုး၏ မိဘအမည်မှန်မှာ ဦးစောရန်နောင်သိန်း(၅)/စကန(နိုင်)၀၂၆ဂ၀၅)နှင့် ဒေါ်ဇင်ဇင်သိန်း(၅)/စကန(နိုင်)၂၁၁၉၄၆)တို့ဖြစ်ပါကြောင်း။

ဦးစောရန်နောင်သိန်းနှင့် ဒေါ်ဇင်ဇင်သိန်း

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သီတာအေး(၉၀၁)ရပ်ကွက်နေ မောင်အောင်လင်းထက် (ဘ) ဦးသန်းမိုးဦး(၉/မဟမ(နိုင်)၀၄၁ဂ၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၀၄၂၇၀၁၇

အဖိုးတန် ရေချိုကို ချွေတာပါ

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုပါစေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုပါစေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတုတိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗဟုသုတပေးနှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ရှေ့သို့လှမ်းချီရာတွင် နိုင်ငံစီးပွားရေးကို မြှင့်တင်ပေးခြင်းသည် အကောင်းဆုံးမောင်းနှင်အားပင် ဖြစ်ပါသည်။ လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် အားပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေး မြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆက်လက်ဆောင်ရွက်

စာမျက်နှာ- ၁၉

ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း

စာမျက်နှာ- ၂၂

တောင်ကြီးမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စာမျက်နှာ- ၂၁

John Deere Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ကမ်းဘဲလ် ဆွတ်ခူး

နယူးယောက် ဇူလိုင် ၇

အမေရိကန်နိုင်ငံ အီလီနွိုက်စ်ပြည်နယ်တွင် ကျင်းပခဲ့သည့် John Deere Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကမ်းဘဲလ်က ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း RTသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ နောက်ဆုံးနေ့အပြီးတွင် ကမ်းဘဲလ်သည် အာဂျင်တီးနားဂေါက်သီးရိုက်ကစားသမား ဂရီလိုနှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့သဖြင့် ချန်ပီယံအဆုံးအဖြတ်အတွက် Play-off အဆင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ကမ်းဘဲလ်က အနိုင်ရရှိခဲ့သဖြင့် ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ဂရီလိုကဒုတိယ၊အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် လစ်ပ်စကိုင်းနှင့်

စာမျက်နှာ ၂၀ ကော်လံ ၄☆

ချင်းတွင်းမြစ်ရေနှင့် ဝန်မြစ်ရေအခြေအနေ

နေပြည်တော် ဇူလိုင် ၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့အတူ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခွဲကျော်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့အတူ ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်၊ဖောင်းပြင်မြို့နယ်၊ကလေးဝမြို့နယ်၊မင်းကင်းမြို့နယ်တို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

MYAWADDY TRADING LIMITED

ပို့ကုန် - လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် - စားအုန်းဆီ၊ လူအသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257